# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ သောကြာနေ့ (22-3-2013) (၇၄၃၂)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနေသဟာယနိုင်ငံတို့သို့ မတ် ၁၃ ရက်မှ ၂၀ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး မတ် ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဩစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့သည်။

**ပြန်လည်ရောက်ရှိ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံမှတစ်ဆင့် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။(ဓါတ်ပုံ)

**ပြန်လည်လိုက်ပါလာ**

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

**ယနေ့ မာတိကာ**


မေတ္တာတရား လက်ကိုင်ထား
စာမျက်နှာ - ၂

နီပေါအလှမယ်ပြိုင်ပွဲ ကျင်းပပြီးစီး
စာမျက်နှာ - ၁၂

တိုက်စစ်မှူးဖယ်ကာအို၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ချယ်လ်ဆီးနှင့် အက်သလက်တီကို မက်ဒရစ် လျှို့ဝှက်ဆွေးနွေးခဲ့
စာမျက်နှာ - ၁၃


## ရုရှား၌ ကျရောက်ခဲ့သော ဥက္ကာခဲ သိပ္ပံပညာရှင်များ လေ့လာလျက်ရှိ

ဘာသာပြန် ➤ သတင်းလုလင်

မော်စကို မတ် ၂၁

ရုရှားနိုင်ငံ ချေလယာဘင့်စ်မြို့အနီး ကျရောက်ခဲ့သော ဥက္ကာခဲနှင့် ပတ်သက်၍ သတင်းအချက်အလက်များရရှိနိုင်ရန် သိပ္ပံပညာရှင်များ လေ့လာလျက်ရှိသည်။

အာကာသအတွင်းမှ ကျဆင်းလာခဲ့သော အဆိုပါ ဥက္ကာခဲသည် တန်ချိန် ၁၀၀၀၀ မှ ၁၈၀၀၀ အထိ ရှိနိုင်သည်ဟု ကနဦးခန့်မှန်းချက်အရ သိရသည်။

ရုရှားနိုင်ငံ ချေလယာဘင့်စ်မြို့အနီးသို့ ဖေဖော်ဝါရီ ၁၅ ရက်က ကျရောက်ခဲ့သော ဥက္ကာခဲသည် အရှည် ၁၇ မီတာမှ မီတာ ၂၀(၅၅ ပေမှ ၆၅ ပေ)အထိရှိကြောင်း ရုရှားသိပ္ပံအကယ်ဒမီအောက်ရှိ ဘူမိ-ဓာတုဗေဒနှင့် သရုပ်ခွဲလေ့လာရေး ဓာတုဗေဒသိပ္ပံညွှန်ကြားရေးမှူး အဲရစ်ဂါလီမော့က ပြောကြားသည်။

ဥက္ကာခဲအလေးချိန်၏ ၁၀ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိသော အစိတ်အပိုင်းကသာ ကမ္ဘာမြေမျက်နှာပြင်ပေါ် ကျရောက်ခဲ့ကြောင်း၊ ဥက္ကာခဲ၏ ကျန်ရှိသောအပိုင်းမှာ လေထုလွှာအတွင်းသို့ ဝင်ရောက်ချိန်တွင် မီးလောင်ပြိုကွဲသွားခဲ့ပြီး အမှုန်အမွှားများအဖြစ်သို့ ကူးပြောင်းရောက်ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့●






ကြေးမုံစာတည်းရှုထောင့် ၂၂-၃-၂၀၁၃၊ သောကြာနေ့

# မေတ္တာတရား လက်ကိုင်ထား

ဤမြေကမ္ဘာတွင် မှီတင်းနေထိုင်ကြကုန်သောလူတို့သည် ဤမြေကမ္ဘာကို သာယာလှပစေရန် ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်း၊ ချစ်ခင်ခြင်း၊ စည်းလုံးခြင်းတို့ ဆောင်ရွက်နေကြရသည်။ တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း ဆိတ်သုဉ်းပါက သာယာချမ်းမြေ့ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့ ကွယ်ပျောက်တတ်သည်။

ထိုအခြင်းအရာများအားလုံးတို့သည် လူတို့၏ လုံ့လ၊ ပယောဂတို့ကြောင့် ကောင်းခြင်း၊ ဆိုးခြင်းတို့ ဖြစ်တတ်ပေရာ ကောင်းမွေတို့သာ ဖြစ်ထွန်းစေရန်အတွက် ကောင်းသောအမှုတို့ကိုသာ ပြုကြရမည်ဖြစ်သည်။

လူတို့၏ မွေးဖွားခြင်းမှသည် သေဆုံးခြင်းအထိ ကာလအပိုင်းအခြားသည် တိုတောင်းလွန်းလှသည်။ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက်မကွေးမီ ဆိုသကဲ့သို့ လူ့ဘဝသည် တစ်ခဏချင်းပင် ဖြစ်ခြင်း၊ ပျက်ခြင်းတို့ဖြင့် အဆုံးသတ်ရသည်။

ထိုတိုတောင်းလှသည့် လူ့ဘဝမှာလည်း အလွယ်တကူ ရရှိလာသည်မဟုတ်၊ လူ့ပြည်က အပ်တစ်စင်းနှင့် နတ်ပြည်က အပ်တစ်စင်းတို့ကို တစ်ပြိုင်တည်း ပစ်လွှတ်သောအခါ ထိနိုင်သော်လည်း လူ့အဖြစ်ကိုမူ ထိုထက်မက ခက်ခဲစွာ ကြုံတွေ့တတ်ပေသည်။

ထိုမျှခက်ခဲသော လူ့ဘဝကို ရရှိခဲ့သော လူသားတို့သည် မိမိတို့၏ဘဝ၊ မိမိတို့၏ လောကကို လှသထက်လှအောင် ဖန်တီးကြဖို့ဖြစ်သည်။ မိမိနှင့်တကွ မိမိတို့ဘဝတစ်ခုလုံးကို အကျည်းတန် အရုပ်ဆိုးအောင် မပြုလုပ်မိရန် လိုသကဲ့သို့ သူတစ်ပါးဘဝများကိုလည်း အရောင်မဆိုးမိဖို့ လိုပေမည်။

ငြိမ်းချမ်းသော၊ သာယာချမ်းမြေ့ဖွယ်ကောင်းသော၊ တိုးတက်ကောင်းမွန်သော ဘဝများဖြစ်အောင် ဖန်တီးကြဖို့ဖြစ်သည်။ သဒ္ဓါရလောကတွင် နေထိုင်ကြကုန်သော အမျိုးကောင်းသားအပေါင်းတို့သည် မမြဲသောသဘောကို နားလည်လက်ခံထားကြပြီးဖြစ်မည်။

ထိုသဘောတရားကို နားလည်လက်ခံပြီးဖြစ်ပါက မိမိတို့ဘဝများကို ဖြတ်သန်းကြရာတွင် ပစ္စုပ္ပန်နှင့် အနာဂတ်ကောင်းကျိုးများအတွက် ကြိုးပမ်းအားထုတ်ကြသင့်သည်။ လူသားအားလုံး၏ ယုံကြည်ချက်ဖြစ်သည့် မေတ္တာတရားသည်သာ မွန်မြတ်သော လက်နက်ဖြစ်သည်။

ထို့အတူ ယခုဘဝ ကောင်းကျိုး၊ တမလွန်ဘဝ ကောင်းကျိုးတို့အတွက် ကောင်းမြတ်သော မေတ္တာတရားများကို လက်ကိုင်ထား၍ အသိနှင့်သတိယှဉ်ကာ လုပ်ကိုင်ကြမှသာလျှင် ရခဲလှသော၊ တန်ဖိုးရှိလှသော လူ့ဘဝများကို ကိုယ်စီကိုယ်င ပိုင်ဆိုင်ကြရမည်ဖြစ်သည်။

ကိုယ်ချင်းစာစိတ်နှင့်အတူ စေတနာ အပြည့်အဝထားကြရမည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရား ပွားများကြရမည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ ဟူသည့် ရန်သူခြောက်ဦးကို တတ်နိုင်သမျှ ပယ်သတ်ရမည်။

ထိုသို့ပယ်သတ်ကြပြီးနောက် မိမိကောင်းကျိုး၊ မိမိ မိသားစုကောင်းကျိုး၊ မိမိပတ်ဝန်းကျင် ကောင်းကျိုး၊ မိမိဒေသကောင်းကျိုး၊ မိမိနိုင်ငံကောင်းကျိုးတို့ကို ကြိုးပမ်းစွမ်းဆောင်ကြရမည်။ သို့မှသာ မိမိနှင့်တကွ လောကတစ်ခွင်လုံး သာယာချမ်းမြေ့မည်ဖြစ်သည်။

မိမိတို့ဘဝကို မိမိတို့ကသာ ဖန်တီးကြပါသည်။ မိမိဝန်းကျင်ကိုလည်း မိမိတို့ကသာ ထုဆစ်ပုံဖော်ကြပါသည်။ မိမိသမိုင်းကိုလည်း မိမိတို့ကပင် ရေးထိုးကြပါသည်။

လူ့ဘောင်လောက သမိုင်းသည်လည်း မိမိတို့၏သမိုင်းပင်ဖြစ်သည်။ ကောင်းမွန်သော မိမိနှင့်တကွ မိမိတို့ဘဝသမိုင်းကို ရေးထိုးနိုင်ကြစေရန် မေတ္တာတရားကို လက်ကိုင်ထား၍ ကောင်းသော ကြိုးပမ်းအားထုတ်မှုများ ပြုနိုင်ကြစေရန် ဆန္ဒပြုလိုက်ရပါသည်။ ။

# ဒုတိယဝန်ကြီး ဦးအောင်ထူး ရေနံမြေလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၁**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မတ် ၁၆ ရက် နှင့် ၁၇ ရက်တို့တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံချောင်း ရေနံမြေ၊ ထောက်ရှာပင်-ကမ်းနီရေနံမြေ၊ ထန်းကိုင်းရေနံမြေနှင့် မန်းရေနံမြေများသို့လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတုဗေဒစက်ရုံစု(မန်း-သံပရာကန်)နှင့်ရေနံဓာတ်ငွေ့ရည် စက်ရုံ (မင်းဘူး) တို့သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ ရေနံမြေ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ရေနံမြေများ၏ ထုတ်လုပ်မှုနှင့်ပတ်သက်၍ လက်ရှိထုတ်လုပ်ရေးတွင်းများ၏ထုတ်လုပ်မှုမကျဆင်းစေရန်၊ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် တွင်းသစ်များကို မြန်မြန်နှင့် အောင်မြင်စွာ တူးဖော်နိုင်ရန် ဝန်ထမ်းအားလုံးစည်းလုံးစွာ ကြိုးပမ်းဆောင်ရွက်ကြရန်၊ ရေနံဓာတုဗေဒစက်ရုံများသည်လည်း ရရှိသည့် ကုန်ကြမ်းရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏအလိုက် ကုန်ချောစက်ဆီ၊ ချောဆီနှင့် ဓာတ်ငွေ့ရည်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းကြရန်၊ ငွေကြေးနှင့် ပစ္စည်းသုံးစွဲမှုကိုလည်း စနစ်တကျ စိစစ်သုံးစွဲရန်၊ ခြောက်သွေ့ရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်မဖြစ်စေရေးဆောင်ရွက်ရန်ရှိသည်များကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အလေးထားဆောင်ရွက်ကြရန်၊ အလေအလွင့်မရှိစေရန်နှင့် အလွဲသုံးစားမလုပ်ကြရန်၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးအတွက် လိုက်နာရမည့် အချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်မီရန် ဝန်ထမ်းအားလုံး စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် ရေနံချောင်းရေနံမြေတွင် တွင်းအမှတ်(၃၂၅၁)နှင့်ထောက်ရှာပင်ရေနံမြေတွင် တွင်းအမှတ်(၈၃၄)တို့၏ တွင်းတူးဖော်နေမှုကို လည်းကောင်း၊ ကမ်းနီရေနံမြေတွင် ရေနံသံကန်တန်းအမှတ်(၂)၌ ရေနံတွင်းများမှ ရေနံများစုစည်းလက်ခံရရှိမှုကို လည်းကောင်း၊ မန်းရေနံမြေတွင် အနက်ပေ တိုးချဲ့တူးဖော်ခဲ့သည့် တွင်းအမှတ်(၁၈၅) မှ ရေနံတစ်နေ့ ၄၇ စည် ထုတ်ယူနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ရေနံဓာတုဗေဒစက်ရုံစု (မန်း-သံပရာကန်)၌ ရေနံချက်လုပ်မှုအဆင့်ဆင့်၊ အိန္ဒိယနိုင်ငံမှ ချေးငွေဖြင့် Reforming and Associated Unit အား လိုအပ်သည့် စက်ပစ္စည်းအသစ်များ အစားထိုး တပ်ဆင်ပြုပြင်နေမှုနှင့် Compressor အသစ်များ တပ်ဆင်နေမှု၊ စက်သုံးဆီချောဆီများ သိုလှောင်ထားရှိမှု၊ ရေနံထွက်ပစ္စည်းများ တင်ချပြုလုပ်သည့် ဆိပ်ကမ်းတွင် သဲသောင်ဖြစ်ထွန်းနေမှုများကို လည်းကောင်း၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)၌ စက်ရုံ၏ ဓာတ်ငွေ့တာဘိုင်လည်ပတ်ချိန်နာရီ ၂၀၀၀၀ စစ်ဆေး ပြုပြင်ခြင်းလုပ်ငန်းအား Turbine Efficiency Ltd. UK မှ ကျွမ်းကျင်ပညာရှင်များနှင့် ဆောင်ရွက်နေမှု၊ စက်ရုံရပ်ဆိုင်းထားရသည့် တစ်ချိန်တည်းမှာလည်း ပြုပြင်ရန်ရှိသည့် စက်ပစ္စည်းများ ပြုပြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မွန်ပြည်နယ်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၁**

(၃၉)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကို မတ် ၁၉ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ဖက်တန်းရပ် ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမနှင့် မွန်တိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်ဟောပြောပွဲကို ကျင်းပပြီး မွန်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၁**

မေတ္တာဝါဒီ ပရဟိတကျောင်းနှင့် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် သာသနာနုဂ္ဂဟအသင်းတို့ ပူးပေါင်းကျင်းပသော နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ မေတ္တာဝါဒီကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ လူမှုထူးချွန် ဦးရဲအောင်၊ မြို့နယ်ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးခင်လှ၊ မြို့နယ်သာသနာနုဂ္ဂဟအသင်း အတွင်းရေးမှူး ဦးလှထွန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထင်ကျော်ဝင်း၊ သင်တန်းနည်းပြမှူး ဆရာမ ဒေါ်ခင်သန္တာဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **မီးမီး(လှိုင်)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း ၂၂-၃-၂၀၁၃(သောကြာနေ့)

| | | | |
|---|---|---|---|
| ၇း၀၃ | တရားတော် | | (အပိုင်း-၁၉၁) |
| ၇း၄၅ | သာယာသီကြွေး | | (ဒါရိုက်တာ-မိုးဇော်ကို) |
| | ခေတ်ဆန်းတေး | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၄း၂၀ | မြန်မာစာမြန်မာစကား(၁၂) | | -သံစဉ်များနှင့်ကမ္ဘာ |
| ၄း၂၇ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | -(၆၈)နှစ်မြောက် တပ်မတော်နေ့ |
| ၅း၀၀ | သာယာသီကြွေး | | ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း |
| | ခေတ်ဆန်းတေး | | သူရဲကောင်းများထွန်းကားသည် |
| ၅း၁၀ | လည်မယ်. . . စားမယ် | | (တတိယပိုင်း)(ဇာတ်သိမ်းပိုင်း) |
| | ကမ္ဘာတစ်ခွင်ဝယ် | | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၆း၁၀ | "ရွှေ"ဟာသဇာတ်လမ်းတွဲ | | -ဂုဏ်ရည်မတူ (အပိုင်း-၇၈) |






# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ကြေညာချက်အမှတ်၊ ၁/၂၀၁၃

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေလက်မှတ်(Foreign Exchange Certificate-FEC) များကို ပြန်လည်ရွေးနုတ်ယူရာတွင် လက်ဝယ်ထားရှိသူနှင့် ပိုင်ဆိုင်သူများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ် ကြေညာခြင်း**

၁။ ၂၇-၁-၁၉၉၃ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် ၄/၉၃ ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလက်မှတ်များကို ၄-၂-၁၉၉၃ ရက်နေ့မှစ၍ ထုတ်ဝေခဲ့ပါသည်။

၂။ နိုင်ငံတော်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ကို အပြည့်အဝပြုပြင်ပြောင်းလဲမှု မပြုလုပ်သေးမီ ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားငွေ ကိုင်တွယ်အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ရသော စီးပွားရေးကဏ္ဍများအတွက် အဆင်ပြေချောမွေ့စေရန်ရည်ရွယ်ချက်ဖြင့် ကနဦးငွေရေးကြေးရေး ပြောင်းလဲမှုအဆင့်အဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေလက်မှတ်များ ထုတ်ဝေပြီး ပြည်တွင်း၌သုံးစွဲခွင့် ပြုခဲ့ပါသည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးအစီအစဉ်ချမှတ်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်အား ထိန်းကျောင်းမှုရှိသည့် ဈေးကွက်ကိုအခြေခံသော နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime)ကို ၁-၄-၂၀၁၂ ရက်နေ့မှစ၍ စတင်ကျင့်သုံးခဲ့ပါသည်။ ၁၀-၈-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံတော်အတွင်း နိုင်ငံခြားငွေ တရားဝင်ရောင်းဝယ်သော ဈေးကွက်ဖြစ်ပေါ်လာစေရေးနှင့် နိုင်ငံခြားငွေကြေးဈေးကွက် စနစ်တကျ တိုးတက်ဖွံ့ဖြိုးစေရန် ဥပဒေနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) နိုင်ငံခြားသုံးငွေ လုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားပါက စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊

(ခ) ဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားကို အခြေခံသည့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို နေ့စဉ်ထုတ်ပြန်ကြေညာခြင်း၊

(ဂ) နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများနှင့် စပ်လျဉ်း၍-

(၁) ဘဏ်များအကြား ငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၂) နိုင်ငံခြားသုံးငွေကို အများပြည်သူနှင့် သတ်မှတ်ချက်များနှင့်အညီ ရောင်းဝယ်ခွင့်ပြုခြင်း၊

(၃) လက်ရောက်လွှဲပြောင်းခြင်းမှတစ်ပါး နိုင်ငံခြားငွေဖြင့် ပေးချေခြင်းနှင့် လွှဲပြောင်းခြင်းများကို ကြားခံအဖြစ် ဆောင်ရွက်ခွင့်ပြုခြင်း၊

(၄) နိုင်ငံခြားငွေကို စာရင်းပြောင်းနည်းဖြင့် ရောင်းဝယ်ခွင့်ပြုခြင်း။

(ဃ) လိုင်စင်ရငွေလဲကောင်တာအသီးသီးတွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀အထိ လည်းကောင်း၊ ယင်းတန်ဖိုးနှင့်ညီမျှသော ယူရိုနှင့် စင်ကာပူဒေါ်လာများကို လည်းကောင်း လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုခြင်း။

၅။ အပိုဒ် ၄ ပါ ဆောင်ရွက်ချက်များအရ နိုင်ငံခြားငွေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ တိုးတက်ပြောင်းလဲလျက်ရှိသည်နှင့်အညီ နိုင်ငံခြားငွေလက်မှတ် ကြားခံထားရှိရန် မလိုအပ်တော့သဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၁-၄-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ ရက်နေ့အထိ ရက်ပေါင်း ၉၀ ကာလအတွင်း နိုင်ငံခြားငွေလက်မှတ်ကို အောက်ပါအစီအစဉ်အတိုင်း စနစ်တကျ ပြန်လည်ရွေးနုတ်ယူမည်ဖြစ်ပါသည်-

(က) နိုင်ငံခြားငွေလက်မှတ် လက်ဝယ်ရှိသူနှင့် ပိုင်ဆိုင်သူသည် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူထံတွင် နိုင်ငံခြားငွေလက်မှတ်များကို ငွေသားဖြင့်လဲလှယ်ရမည်၊

(ခ) သက်ဆိုင်ရာ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူ၏ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးနိုင်သည်-

(၁) နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူ စာရင်းဖွင့်လှစ်ထားသော ဘဏ်ရှိ အမေရိကန်ဒေါ်လာငွေစာရင်းသို့ ထည့်သွင်းပေးခြင်း၊

(၂) နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူအမည်ဖြင့် ဘဏ်တွင် သက်ဆိုင်ရာ နိုင်ငံခြားငွေစာရင်း အသစ်ဖွင့်လှစ်ထည့်သွင်းခြင်း၊

(၃) ဗဟိုဘဏ်က နေ့စဉ်ထုတ်ပြန်သည့် ရည်ညွှန်းငွေလဲနှုန်းကို အခြေခံသော ငွေလဲကောင်တာများ၏ နိုင်ငံခြားငွေ ဝယ်ဈေးနှုန်းဖြင့် ပြောင်းလဲတွက်ချက်ရရှိသော ကျပ်ငွေကို လဲလှယ်သူဖွင့်လှစ်ထားသည့် ကျပ်ငွေစာရင်းသို့ ထည့်သွင်းခြင်း၊

(၄) နိုင်ငံခြားငွေလက်မှတ်လဲလှယ်သူအမည်ဖြင့် သက်ဆိုင်ရာဘဏ်တွင် ကျပ်ငွေစာရင်း အသစ်ဖွင့်လှစ်ထည့်သွင်းခြင်း သို့မဟုတ် ကျပ်ငွေဖြင့် ငွေသားထုတ်ပေးခြင်း။

(ဂ) နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရ ဘဏ်များသည် နိုင်ငံခြားငွေလက်မှတ် လဲလှယ်သူများက သတ်မှတ်ကာလအတွင်း လာရောက်အပ်နှံသည့် နိုင်ငံခြားငွေလက်မှတ်များကို လဲလှယ်ပေးနေသည့် ကာလအတွင်း၌ဖြစ်စေ၊ ယင်းကာလပြီးဆုံးချိန်၌ဖြစ်စေ နိုင်ငံခြားငွေလက်မှတ်များကို ဗဟိုဘဏ်သို့ အပ်နှံနိုင်သည်။

(ဃ) နိုင်ငံခြားငွေလက်မှတ်များကို လဲလှယ်ပေးရန် သတ်မှတ်သည့် ကနဦးကာလပြီးဆုံးသည့် ၁-၇-၂၀၁၃ ရက်နေ့မှစ၍ နိုင်ငံခြားငွေလက်မှတ်များသုံးစွဲခွင့်မပြုတော့ပါ။

(င) နိုင်ငံခြားငွေလက်မှတ်များကို လဲလှယ်ပေးသည့် ကနဦးသတ်မှတ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် အပ်နှံလဲလှယ်နိုင်ခြင်း မရှိသူများအတွက် ၁-၇-၂၀၁၃ ရက်နေ့မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ ကာလကို အထူးကိစ္စတစ်ရပ်အနေဖြင့် သတ်မှတ်ဆောင်ရွက်ပေးနိုင်သည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် နိုင်ငံခြားငွေလက်မှတ် လဲလှယ်လိုသူသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသည့် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များတွင် အောက်ပါအချက်များကို တင်ပြရမည်-

(၁) နိုင်ငံခြားငွေလက်မှတ် လဲလှယ်မည့်သူ၏ ကိုယ်ရေးအချက်အလက်များ၊

(၂) ၁-၄-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ ရက်နေ့အထိ ကာလအတွင်း အပ်နှံလဲလှယ်ခြင်းမပြုနိုင်သည့် ခိုင်လုံသောအကြောင်းပြချက်ဖော်ပြထားသည့်စာဖြင့် တင်ပြချက်။

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်သူများ လက်ဝယ်ထားရှိပိုင်ဆိုင်သော နိုင်ငံခြားငွေလက်မှတ်များ ပြန်လည်ရွေးနုတ်ခြင်းကို ကနဦးသတ်မှတ်ကာလဖြစ်သည့် ၁-၄-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ ရက်နေ့အထိ ကာလ၌သော်လည်းကောင်း၊ ခိုင်လုံသော အကြောင်းပြချက်ဖြင့် အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ပေးမည့် ၁-၇-၂၀၁၃ ရက်နေ့မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ ကာလ၌သော်လည်းကောင်း နိုင်ငံခြားငွေလက်မှတ် အပ်နှံလဲလှယ်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယင်းသတ်မှတ်ကာလ ကျော်လွန်ပါက နိုင်ငံခြားငွေလက်မှတ် အပ်နှံလဲလှယ်ခြင်းကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး တတိယနေ့ကျင်းပ

**ရန်ကုန် မတ် ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက)က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး၏ ဩဝါဒါစရိယ ဆရာတော်ကြီး (၅)ပါးကို တင်မြှောက်တော်မူကြသည်။

ယင်းနောက် အစားထိုးရွေးချယ်ခံရသည့် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို သဘာပတိဥက္ကဋ္ဌ ဆရာတော်ကြီး၏ ကိုယ်စား အခမ်းအနားမှူး ဆရာတော်က ဖတ်ကြားတင်သွင်းပြီး သံဃာ့ဆန္ဒရယူကာ အတည်ပြုချက်ရယူသည်။

တစ်ဖန်သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ လစ်လပ်သွားသော ဒုတိယဥက္ကဋ္ဌ ဆရာတော်(၅)ပါးနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်(၄)ပါးတို့၏ နေရာ၌ အစားထိုးရွေးချယ်ခံရသော ဘွဲ့အမည်စာရင်းကို သဘာပတိဥက္ကဋ္ဌဆရာတော်ဘုရားကြီး၏ကိုယ်စား အခမ်းအနားမှူး ဆရာတော်က ဖတ်ကြားတင်သွင်းကာ အစည်းအဝေး သဘာပတိဆရာတော်က သံဃာ့ဆန္ဒရယူ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ နိဂုံးချုပ်ဥယျောဇနကထာကို နာယူတော်မူကြကာ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံး ဇယန္တော ဗောဓိယာမူလေ အစချီ(၂)ဂါထာကိုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပထမအစည်းအဝေး၏ တစ်နေ့တာ ဆွမ်းအလှူရှင်မှာ (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့ မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)-ဒေါ်ခင်နှင်းဝေ မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)-ဒေါ်ခင်စန်းရီ မိသားစု၊ (ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို)-ဒေါ်ခင်လေးမြင့် မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)-ဒေါ်မာလာတင့် မိသားစု၊ ဗိုလ်ချုပ်တင်ငွေ-ဒေါ်နန်းခင်လှဝင်း မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က ဆွမ်းဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မတ် ၂၁**

ရန်ကုန်စီးပွားရေးတက္ကသိုလ် အာဆီယံစီးပွားရေးပညာရပ်မှ သင်တန်းသား သင်တန်းသူ ၉၆ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ၁၃၆ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ● ရွှေ့ဖုံးမှ

တန်ချိန် ၁၀၀၀ ခန့် အလေးချိန်ရှိ ဥက္ကာခဲအစိတ်အပိုင်းမှာ ကမ္ဘာမြေပြင်ပေါ် ကျရောက်ခဲ့ရာတွင် ပြိုကွဲသွားခဲ့ပြီး သိပ္ပံပညာရှင်များအနေဖြင့် သုံးကီလိုဂရမ်ခန့် (၆ ဒသမ ၆ ပေါင်)ကိုသာ စုဆောင်းရယူနိုင်ခဲ့သည်။

ကြီးမားသော ဂြိုဟ်သိမ်တစ်လုံးမှ ပဲ့ထွက်လာသော ဥက္ကာခဲ ကြွေကျခြင်းဖြစ်သည်။ ဥက္ကာခဲသည် တစ်နာရီလျှင် မိုင် ၄၀၀၀၀ အမြန်နှုန်းခန့်ဖြင့် ဝင်ရောက်လာခဲ့ပြီး ယူရဲလ်တောင်တန်းဒေသတောင်ပိုင်းသို့ ကျရောက်ခဲ့သည်။

ဥက္ကာခဲကျရောက်မှုကြောင့် ဒေသခံပြည်သူ ၁၅၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ဥက္ကာခဲ တိုက်ရိုက်ထိမှန်ခြင်းကြောင့် ဒဏ်ရာရရှိကြခြင်း မဟုတ်ဘဲ ဥက္ကာခဲ ပျံသန်းမှုအရှိန်ကြောင့် ပြတင်းတံခါးများမှ မှန်များကွဲအက်ကာ သွယ်ဝိုက်ထိမှန်ခံရခြင်းဖြစ်သည်။

နှစ်ပေါင်း ၁၀၀ ကာလအတွင်း အကျိုးသက်ရောက်မှုအကြီးဆုံး ဥက္ကာခဲ ကြွေကျသည့် ထူးခြားဖြစ်စဉ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ **(ရိုက်တာ)**

# အင်းလေးဒေသ ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်နှင့် အလှူငွေများလှူဒါန်း

**အင်းလေး မတ် ၂၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှု/ယဉ်ကျေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ခင်ဆွေမြင့်သည် ရှမ်းပြည်နယ် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် အင်းလေးဒေသရှိ ရွှေအင်းတိန်ရွာ စာပျိုးခင်းစာကြည့်တိုက်၊ ဟဲယာရွာမမြတ်ရွှေအိုးစာကြည့်တိုက်၊ ခေါင်တိုင်ရွာ အလင်းရောင်ပြည်သူ့စာကြည့်တိုက်နှင့် မိုင်းသောက်ရွာ ပရဟိတစာကြည့်တိုက်များသို့ သုတ ရသစာအုပ် အုပ်ရေ ၃၀၀ နှင့် သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ သွားရောက်လှူဒါန်းခဲ့သည်။ ကျေးရွာစာကြည့်တိုက်များ ရန်ပုံငွေအတွက်လည်း ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မမဌေး)**

# အိုဘားမား၏ အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်

**ရာမာလာ မတ် ၂၁**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အရှေ့အလယ်ပိုင်းခရီးစဉ်၏ ဒုတိယနေ့ဖြစ်သော မတ် ၂၁ ရက်က အနောက်ဘက်ကမ်းဒေသ ရာမာလာမြို့သို့ ရောက်ရှိလာသည်။ အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် တိုက်တွန်းအားပေးနိုင်ရန် ရည်ရွယ်လျက် အိုဘားမားသည် မတ် ၂၀ ရက်က အစ္စရေးနိုင်ငံသို့ ရောက်ရှိလာကြောင်း၊ အိုဘားမား၏ ခရီးစဉ်အတွင်း အစ္စရေးတောင်ပိုင်းဒေသသို့ ဂါဇာကမ်းမြောင်ဒေသမှ စစ်သွေးကြွများက ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဟားမားစ်အဖွဲ့က ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသမှ စစ်သွေးကြွများသည် မတ် ၂၁ ရက်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒုံးကျည်တစ်လုံးသည် ဆဒီရော့မြို့ရှိနေအိမ်တစ်လုံး၏ နောက်ဘက်ခြံဝင်းအတွင်းသို့ ကျရောက် ပေါက်ကွဲခဲ့ပြီး ဒုတိယမြောက်ဒုံးကျည်တစ်လုံးမှာ ကွင်းတစ်ကွင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိုဘားမားသည် သမ္မတအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခံခဲ့ရပြီးချိန်နောက်ပိုင်း အစ္စရေးနိုင်ငံသို့ မတ် ၂၀ ရက်တွင် ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့သည်။

အိုဘားမားသည် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ၊ ဆီးရီးယားပြည်တွင်းစစ်ပွဲနှင့် အီရန်၏ နျူကလီးယားအစီအစဉ်တို့နှင့်ပတ်သက်နေသော ဒေသဆိုင်ရာပြဿနာများကို အလေးထားဆွေးနွေးရန် စီစဉ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

အိုဘားမားသည် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

**ရိုက်တာ။**



မတ် ၂၀ရက်က ဂျေရုဆလင်၌ ကျင်းပသော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အမေရိကန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့အား တွေ့ရစဉ်။

# ဂျပန်နှင့် ဂူအမ်ကျွန်းတို့ရှိ အမေရိကန်စစ်စခန်းများကို စစ်ရေးအရတိုက်ခိုက်မည်ဟု မြောက်ကိုရီးယား ခြိမ်းခြောက်

**ဆိုးလ် မတ် ၂၁**

ဂျပန်နှင့် ဂူအမ်ကျွန်းတို့ရှိ အမေရိကန် စစ်အခြေစိုက်စခန်းများကို စစ်ရေးအရ တိုက်ခိုက်မည်ဟု မြောက်ကိုရီးယားနိုင်ငံက မတ် ၂၁ရက်တွင် ခြိမ်းခြောက်လိုက်ရာ ဒေသဆိုင်ရာ တင်းမာမှုများ ဖြစ်ပေါ်လာရကြောင်း၊ တောင်ကိုရီးယားနိုင်ငံရှိ ရုပ်မြင်သံကြားဌာနများနှင့် ဘဏ်တိုက်များ၏ ကွန်ပျူတာစနစ်များကို မြောက်ကိုရီးယားက တိုက်ခိုက်ခဲ့သည်ဟု သင်္ကာမကင်းဖြစ်မှုများ ဖြစ်ပေါ်နေချိန်တွင် မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှု ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကိုရီးယားကျွန်းဆွယ်၌ နှစ်ပေါင်းအတန်ကြာကာလအတွင်း တင်းမာမှုများ အမြင့်မားဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း၊ တောင်ကိုရီးယားနှင့် ပူးတွဲပြုလုပ်သော စစ်ရေးလေ့ကျင့်မှုအတွင်း အမေရိကန် ဘီ-၅၂ ဗုံးကြဲလေယာဉ်များနှင့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ ပါဝင်အင်အားပြသမှုကို မြောက်ကိုရီးယားနိုင်ငံက ဒေါသဖြစ်ခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

ဘီ-၅၂ လေယာဉ်များ စခန်းချရာ ဂူအမ်ကျွန်းပေါ်ရှိ အင်ဒါဆန်စစ်စခန်းသည်လည်းကောင်း၊ ဂျပန်ကုန်းမကြီးနှင့် အိုကီနာဝါကျွန်းတို့ပေါ်ရှိ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများစခန်းချရာ စစ်စခန်းများသည်လည်းကောင်း မိမိတို့၏ စစ်ရေးပစ်မှတ်များ ဖြစ်လာနိုင်ကြောင်း မြောက်ကိုရီးယား ကြည်းတပ်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**





ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်မရိန်းတပ်ဖွဲ့ အခြေစိုက်စခန်းကိုတွေ့ရစဉ်။

## ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား ၁၂ ဦး သေဆုံး၊ ၃၀ ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် မတ် ၂၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းမှ တည်ငြိမ်မှုမရှိဖြစ်နေသော နောင်ရှီရာဒေသရှိ ဒုက္ခသည်စခန်းတစ်ခုအနီးတွင် ပြင်းထန်သောဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၂ဦးသေဆုံးပြီး ၃၀ခန့်ဒဏ်ရာရရှိကြောင်း မတ် ၂၁ရက် သတင်းတွင် ဖော်ပြသည်။

အဆိုပါဒုက္ခသည်စခန်းတွင် မကြာမီကာလက ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တိုက်ခိုက်မှုများ ဖြစ်ပွားမှုကြောင့် အိုးအိမ်များပစ်၍ ထွက်ပြေးခဲ့ကြရသူများနှင့် အာဖဂန်ဒုက္ခသည်များ နေထိုင်ကြောင်း၊ ယင်းနေရာအနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း သတင်းတွင် ပါရှိသည်။

ကယ်ဆယ်ရေးအဖွဲ့များက ရိက္ခာများဝေငှရန် ရောက်ရှိလာသဖြင့် လူအုပ်ကြီးစုရုံးရောက်ရှိနေချိန်တွင် ဗုံးပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုပြင်းထန်သဖြင့် ကီလိုမီတာ အနည်းငယ်အကွာအဝေးမှပင် ပေါက်ကွဲသံကို ကြားရကြောင်း၊ ဒဏ်ရာရရှိသွားသူများအား နီးစပ်ရာဆေးရုံများသို့ တင်ပို့ပေးလိုက်ကြောင်း၊ ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**







ဒိဗ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင်များနှင့် ရောင်း/ဝယ်/ငှားရမ်း/ပေါင်နှံလိုသူများ လက်ကိုင်ထားရမည့်
အောင်မြင်နေသော **အကျိုးဆောင်** ဂျာနယ်ဂိုက်
City Mart များတွင်လည်း ရရှိနိုင်ပါသည်
Ph : 01-387127, 375537
၁၉၉၈ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး သက်တမ်းအားဖြင့်(၁၅)နှစ်တိုင်ရှိနေပြီဖြစ်သည်။
အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ထုတ်ဝေဖြန့်ချိနေပါပြီ။
ဂျာနယ်အမှတ်စဉ်(၇၂၁) ၂၀၁၃ ခုနှစ်၊ မတ်လ (၂၄) ရက်၊ တနင်္ဂနွေနေ့တွင် ထွက်မည်

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
**၁၃၇၄ ခုနှစ်၊ လ ရက်**
**(၂၀၁၃ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ၏ နောက်၌ ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) **ပို့ဆောင်ရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) တက္ကသိုလ်က အပ်နှင်းမည့်ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအပြင် ဂုဏ်ထူးဆောင်ဘွဲ့၊ ဒီဂရီများကို အပ်နှင်းနိုင်ရေးနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်နိုင်ရေးတို့အတွက် လည်းကောင်း၊ ထိုသို့ အပ်နှင်းထားသော ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဒီဂရီတစ်ခုခုအား အထောက်အထားခိုင်လုံပြီး လုံလောက်သော အကြောင်းရှိပါက ပြန်လည်ရုပ်သိမ်းနိုင်ရေးအတွက် လည်းကောင်း၊ တက္ကသိုလ်သို့ လမ်းညွှန်မှုပြုနိုင်သည်။"

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၁၆ ၏ နောက်၌ ပုဒ်မ ၁၆-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၆-က။(က) တက္ကသိုလ်တွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရမည်။ ထိုရန်ပုံငွေတွင် အောက်ပါတို့ ပါဝင်စေရမည်-

(၁) မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးအမြတ်ခံစားရရှိသည့် ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်များမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ထည့်ဝင်သည့်ငွေများ၊

(၂) အခြားတစ်နည်းနည်းဖြင့် လက်ခံရရှိသည့်ငွေများ။

(ခ) တက္ကသိုလ်သည် တက္ကသိုလ်ရန်ပုံငွေကို တက္ကသိုလ်၏ ရည်မှန်းချက်များအောင်မြင်ရေး ကိစ္စများအတွက် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူ ဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲရမည်။"

၅။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက တည်ထောင်ထားသော ရေကြောင်းပညာသိပ္ပံပိုင် ရန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ပုဒ်မ ၄ အရ တည်ထောင်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်း တစ်ခုခုအား ဆက်ခံခွင့်ပြုနိုင်သည်။"

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၁ ၏ နောက်၌ ပုဒ်မ ၂၂ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၂။ တက္ကသိုလ်သည် ရေကြောင်းပညာနှင့်စပ်လျဉ်း၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သောအဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းတို့ ပြုနိုင်သည်။"

၇။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၂ ကို ပုဒ်မ ၂၃ အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

## ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
**၁၃၇၄ ခုနှစ်၊ လ ရက်**
**(၂၀၁၃ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရေကြောင်းအတားအဆီးများ အက်ဥပဒေပုဒ်မ ၈ တွင် ပါရှိသော "The President of the Union may " ဆိုသည့် စကားရပ်ကို "The Ministry of Transport may, with the approval of the Union Government " ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၃။ ရေကြောင်းအတားအဆီးများ အက်ဥပဒေပုဒ်မ ၉ တွင် ပါရှိသော "for a term which may extend to six months, or with fine which may extend to five hundred kyats, or with both " ဆိုသည့်စကားရပ်ကို "for a term not exceeding two years, or with fine not exceeding two hundred thousand kyats, or with both " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရေကြောင်းအတားအဆီးများ အက်ဥပဒေပုဒ်မ ၁၂ တွင် ပါရှိသော " The President of the Union" ဆိုသည့် စကားရပ်ကို "the Ministry of Transport with the approval of the Union Government " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ရေကြောင်းအတားအဆီးများ အက်ဥပဒေ ပုဒ်မ ၁၃ ကို ပယ်ဖျက်ရမည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

## မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
**၁၃၇၄ ခုနှစ်၊ လ ရက်**
**(၂၀၁၃ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"1. This Actshall be called the Defile Traffic Act."

၃။ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (၁)၌ ပါရှိသော "in the Bhamo District;" ဆိုသည့်စကားရပ်ကို "in the Bhamo District. This expression also include the defile prescribed by the Ministry of Transport with the approval of the Union Government;" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(၂)ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ(၃)ကို ပုဒ်မခွဲ(၂)အဖြစ် ပြောင်းလဲသတ်မှတ်၍ အောက်ပါအတိုင်း အစားထိုးရမည်-

"(2) "vessel " means the powered vessel, non-powered vessel and any other kind of vessel that can navigate from one place to another with passengers and cargoes. This expression also includes timber and bamboo rafts."

၄။ မြစ်ကျဉ်းသွားလာရေးအက်ဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (၁)၌ ပါရှိသော "The president of the Union may" ဆိုသည့် စကားရပ်ကို "The Ministry of Transport may, with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ဂ)နှင့်(ဃ)တို့၌ ပါရှိသော "steam-vessels" ဆိုသည့်စကားရပ်ကို "vessels"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(i) requiring the persons in charge of rafts to report the arrival of the rafts at specified places to officers authorised by the Directorate of Water Resources and Improvement of River Systems, and to produce such passes (if any) for inspection and signature, and to deliver up the passes on arrival at any specified station of the said Directorate;"

၅။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေပုဒ်မ ၄ တွင်ပါရှိသော "be punished with fine which may extend to one thousand kyats"ဆိုသည့် စကားရပ်ကို "be punished with imprisonment for a term not exceeding two years or with fine not exceeding two hundred thousand kyats or with both."ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

## ကမ္ဘောဇဘဏ် တာချီလိတ်၌ ဘဏ်ခွဲ(၂) ဖွင့်လှစ်

**တာချီလိတ် မတ် ၂၁**

ကမ္ဘောဇဘဏ်လီမိတက်၏ (၁၀၀) မြောက်ဘဏ်ခွဲဖြစ်သော တာချီလိတ်ဘဏ်ခွဲ(၂) မယ်ခေါင်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်အမှတ်(၂) ထိုင်း-မြန်မာချစ်ကြည်ရေးတံတားအနီးရှိ အဆိုပါဘဏ်ခွဲ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကမ္ဘောဇဘဏ်လီမိတက်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းက အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတကာဘဏ်လုပ်ငန်း ဆိုင်ရာဌာနမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ဘဏ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တာချီလိတ်မြို့ ဒေသခံမြို့မိမြို့ဖများနှင့် ကုန်သွယ်လုပ်ငန်းရှင်များကိုယ်စား တာချီလိတ်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ်ဥက္ကဋ္ဌဦးမြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက်ကမ္ဘောဇဘဏ်လီမိတက်၏ (၁၀၀)မြောက်ဘဏ်ခွဲဖြစ်သော တာချီလိတ်(၂) မယ်ခေါင်ဘဏ်ခွဲကို ဒါရိုက်တာနှင့်အတူ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဖောင်းလိန်၊ လားဟူတိုင်းရင်းသူ ဒေါ်ရှန်မွေး၊ အခါတိုင်းရင်းသူ ဒေါ်ဘူးဂျုနှင့် ဗမာတိုင်းရင်းသူ ဒေါ်မြန္တာမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ဘဏ်အတွင်းလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကမ္ဘောဇဘဏ် လီမိတက်သည် နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်ရသော နိုင်ငံခြားဘဏ်လုပ်ငန်းကို နိုင်ငံတကာရှိ ဘဏ်များနှင့်လည်းကောင်း၊ နိုင်ငံတကာငွေကြေး အဖွဲ့အစည်းများနှင့်လည်းကောင်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်းများနှင့် နိုင်ငံတကာနှင့် ငွေလွှဲပေးပို့လက်ခံမှုများအပါအဝင် နိုင်ငံတကာဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အာရှ၊ ဥရောပနှင့် အမေရိကတို့မှ နိုင်ငံတကာ ထိပ်တန်းဘဏ်ကြီးများဖြင့် အဓိကထား၍ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတကာ ငွေလွှဲလုပ်ငန်းအဖွဲ့အစည်းဖြစ်သော အမေရိကန်နိုင်ငံမှ Western Union ဖြင့် ပူးပေါင်း၍ ကမ္ဘာအရပ်ရပ်ရှိ ဒေသအနှံ့အပြားမှ မြန်မာနိုင်ငံသို့ ငွေလွှဲများ လွှဲပို့ပေးခြင်းလုပ်ငန်းကို ဝန်ဆောင်မှုများ ပေးလျက်ရှိပြီး ပုံမှန်ဘဏ်လုပ်ငန်းများ ဖြစ်သော အပ်ငွေလက်ခံခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ ပြည်တွင်းငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ချက်လက်မှတ်နှင့် ငွေပေးအမိန့်များ အသုံးပြုခြင်းတို့အပြင် ATM Card၊ MPU Debit Card ဝန်ဆောင်မှုများ၊ အငှားဝယ်စနစ် (Hire Purchase)၊ မေတ္တာလက်ဆောင်ချက်လက်မှတ် (Gift Cheque)၊ နိုင်ငံခြားငွေ လဲလှယ်မှုလုပ်ငန်းနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုပါ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။




အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စည်ကားရာ မြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင်သာမက ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လည်ပတ်ရာ တောင်ကြီး၊ ညောင်ရွှေ၊ ဟဲဟိုး၊ ညောင်ဦး၊ သံတွဲမြို့များနှင့် နယ်စပ်မြို့များဖြစ်သည့် စစ်တွေ၊ တာချီလိတ်၊ ထားဝယ်၊ သံတွဲ၊ ကော့သောင်းမြို့များတွင်လည်း ငွေလွှဲကောင်တာ ၃၂ ခုအထိ ဖွင့်လှစ်ထားပြီး ဖြစ်သည်။ ထို့အပြင် ATM ငွေထုတ်စက်များကိုလည်း ရန်ကုန်၊မန္တလေး၊တောင်ကြီး၊ ကလော၊ ပြင်ဦးလွင်မြို့များနှင့် လူစည်ကားရာနေရာဒေသများ၊ Shopping Mall များ၊ ဆေးရုံများ၊ ကမ္ဘောဇဘဏ်လီမိတက်ဘဏ်ခွဲများတွင် တပ်ဆင်ထားရှိပြီး MPU Card၊ နိုင်ငံတကာသုံး Visa နှင့် Master Card များအသုံးပြု၍ လွယ်ကူအဆင်ပြေစွာ ငွေထုတ်ယူနိုင်သကဲ့သို့ ယင်း MPU Card၊ နိုင်ငံတကာသုံး Visa Card နှင့် Master Card များ အသုံးပြု၍စျေးဝယ်နိုင်သော POS Terminal အလုံး ၂၀၀ ကျော်ကိုလည်း တပ်ဆင်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံနေရာ ဒေသအနှံ့အပြားတွင် ထပ်မံ၍ ဘဏ်ခွဲသစ်များသာမက Mini Bank များကိုလည်း ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



**ကမ္ဘောဇဘဏ်လီမိတက် ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်း အဖွင့်အမှာစကား ပြောကြားစဉ်။**

**(သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်)**

## ဥပဒေကို လေးစားလိုက်နာပါ

# ကျွန်မတို့ရဲ့ ခေတ်သင်္ကြန်

ခင်ဆွေမြင့် (မြန်မာတ)

ဥဩငှက်ပျို၏ လွမ်းတေးသံချိုကိုကြားနေရလေပြီ။
နွေရောက်တော့မည်။
ပိတောက်တွေပွင့်တော့မည်။
သင်္ကြန်ရောက်တော့မည်။

ကျွန်မတို့ချစ်သော သင်္ကြန်၊ ကျွန်မတို့ပျော်သော သင်္ကြန်၊ ကျွန်မတို့စွဲငြိသော သင်္ကြန်၊ ကျွန်မတို့မြန်မာတွေ၏ အသည်းနှလုံးတွင်းက အတာသင်္ကြန်သည် ရောက်ရှိလာပါတော့မည်။

တကယ်တော့ ဒီနှစ်တွင်ဥဩ၏ နွေကြိုတေးသံကို တပို့တွဲလဆန်းခါစလောက်ပင် ကြားခဲ့ရပါသည်။

ကျွန်မအိမ်ရှေ့ ပိတောက်ပင်တွင် နားခိုရင်း တေးဆိုသော ဥဩငှက်သည်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှေ့ ကတ္တရာလမ်းတစ်ဖက်ရှိကံ့ကော်ပင် မြင့်ကြီးများထက်မှ ကျူးရင့်လိုက်သော ဥဩငှက်သည် လည်းကောင်း နွေခေါင်းလောင်း၊ ပိတောက်ခေါင်းလောင်း၊ သင်္ကြန်ခေါင်းလောင်းများကို စောစီးစွာတီးခတ်ခဲ့ကြပါသည်။

အိမ်တွင်ဘုရားရှိခိုးနေသော ကျွန်မ၊

တောင်ငူဆောင်တွင် စာသင်ကြားပို့ချနေသော ကျွန်မ၊

ကျွန်မ၏ရင်တွင်းသို့ စီးဝင်လာသော ဥဩငှက်များ၏ ခေါင်းလောင်းသံသာများသည် ကျွန်မအား နွေနွေ့လယ်ခင်း၏ သင်္ကြန်အိပ်မက်များတွင် မွေ့လျော်စေခဲ့ပါသည်။

"သင်္ကြန်"

သင်္ကြန်ဟူသော ဝေါဟာရ၏အဓိပ္ပာယ်သည် "ကူးပြောင်းခြင်း" ဖြစ်ပါသည်။ မြန်မာမှုနယ်ပယ်တွင် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် ပွဲတော်ကို "သင်္ကြန်" ဟုခေါ်ဆိုကြခြင်းဖြစ်ပါသည်။

ကျွန်မတို့မြန်မာများနည်းတူ ကမ္ဘာပေါ်ရှိ အခြားအခြားသော လူမျိုးများသည်လည်း နှစ်သစ်ကူးအထိမ်းအမှတ်များ၊ နှစ်သစ်ကူးပွဲတော်များကို ပျော်ပျော်ပါးပါး ပြုလုပ်ကျင်းပကြပါသည်။

မိမိတို့ရိုးရာ အစဉ်အလာအရ၊ မိမိတို့၏ လူမှုစရိုက်သဘာဝအရ၊ မိမိတို့၏ လူမှုအတွေးအခေါ်အရ ကျင်းပကြခြင်းဖြစ်သောကြောင့် ကျင်းပပုံချင်းမတူညီကြသည်ကို တွေ့ရှိရပါသည်။ ဤသို့မတူညီခြင်းသည်ပင်လျှင် လူမျိုး၏ယဉ်ကျေးမှုတန်ဖိုး၊ လူမျိုး၏အနှစ်သာရကို ဖော်ပြနေပါသည်။

ကျွန်မတို့၏ မြန်မာ့သင်္ကြန်သည် ပျော်စရာ၊ ကြည်နူးစရာ၊ ကုသိုလ်ရစရာ၊ ယဉ်ကျေးမှု အဆင့်အတန်းမြင့်သော လူမျိုးများ၏ ယဉ်ကျေးမှုရာများဖြင့် ပြည့်လျှမ်းသော သင်္ကြန်ဖြစ်ပါသည်။

ကျွန်မတို့သည် သင်္ကြန်အခါရက်များတွင် ဥပုသ်သီတင်းသီလစောင့်ကြသည်။ အရပ်လေးမျက်နှာမှ ရောက်လာကြသူများကို အယုတ်အလတ်အမြတ်မရွေးဘဲ စတုဒိသာကျွေးမွေးကြသည်။

သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့ကြသည်။ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း လှီးပေးခြင်း စသည့် ဝေယျာဝစ္စကုသိုလ်များ ပြုကြသည်။

ငှက်ကလေးများ၊ ငါးကလေးများမှအစ၊ နွားများ၊ ကျွဲများအထိ တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ကြသည်။ ရှင်ပြုရဟန်းခံ အလှူပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပတတ်ကြသည်။ တစ်ယောက်ကိုတစ်ယောက်၊ တစ်ဖွဲ့ကိုတစ်ဖွဲ့ ရေပက်ခြင်း၊ ရေလောင်းခြင်းများဖြင့် မက်မက်မောမော ပျော်ပျော်ရွှင်ရွှင် ရေကစားကြသည်။ သို့ကြောင့်ပင် ဆရာဇော်ဂျီက "တစ်ခုသောသင်္ကြန်ခါ" ကဗျာတွင် -

"နှစ်သစ်ကူးတဲ့၊ တန်ခူးခါမှာ
ဒါနက တဝေဝေ၊ ရေတွေကတရွှဲရွှဲ
ပျော်ပွဲကတဝင့်ဝင့်၊ ကဲလို့သာဆင့်ရော
အရွယ်သင့် အရွယ်ငယ်
မြန်မာတွေထယ်လိုက်ကြ"

ဟူ၍ ဖွဲ့ဆိုဖော်ပြခဲ့ပါသည်။ ဆရာမင်းသုဝဏ်ကလည်း -

"မုတ်သုံကိုကင်းထောက်လို့
ပိတောက်ကသန္ဓေဝင်
ချမ်းမြတ်ရေစင်။
မုတ်သုံကဆင်၊ ပြည်ခွင်နှံ့ကြွေး။
ပိတောက်ကရွှင်၊ ပြည်ခွင်နှံ့မွှေး။
မြတ်ရေစင်တစ်ပေါက်သွန်းလျှင်
ကျွန်းခွင်လုံးအေး။ ။"

ဟူ၍ သင်္ကြန်၏အလှနှင့် ရသကိုမျှဝေပေးခဲ့ပါသည်။

ရေကစားခြင်း၊ ရေပက်ကြခြင်းသည် မြန်မာ့နှစ်သစ်ကူး၊ မြန်မာသင်္ကြန်၊ မြန်မာလူမျိုးတို့၏ ထူးခြားထင်ရှားလှသော မြန်မာ့ပုံရိပ်ဖြစ်ပါသည်။ နှစ်ဟောင်းမှ စိတ်အညစ်အကြေးများ၊ ဘဝအညစ်အကြေးများကို ဆေးကြောသန့်စင်ပြီး နှစ်သစ်သို့ စိတ်သစ်လူသစ်ဖြင့် ကူးပြောင်းလျှောက်လှမ်းခြင်း၏ နိမိတ်လည်းဖြစ်ပါသည်။

မြန်မာသင်္ကြန်၏ အသက်ဝင်လှုပ်ရှားသော ပုံရိပ်များသည် အနှစ်ငါးဆယ်၊ အနှစ်တစ်ရာ၊ အနှစ်နှစ်ရာမျှသာ ရှိသေးသည်မဟုတ်ပါ။ မြန်မာလူမျိုးများနှင့်အတူ နှစ်ပေါင်းထောင်ချီကြာနေပြီဖြစ်သော မြန်မာ့ပုံရိပ်များဖြစ်တန်ရာပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ခုနစ်ရာ (ခရစ် ၁၂၆၀ ခန့်)က ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်တွင် မင်း၊ မိဖုရားများ နွေအခါရေဖျန်းကစားကြကြောင်း၊ ရေကစားစဉ် အင်္ကျီစယ်လွန်သဖြင့် မိဖုရားစောလုံ မင်းမျက်သင့်ခံခဲ့ရကြောင်းများကို မြန်မာ့ရာဇဝင်ကျမ်းများတွင် ဖတ်ခဲ့ကြရပါသည်။

ဘုရားကျောင်း တန်ဆောင်းများ၏ နံရံဆေးရေးပန်းချီများတွင်လည်း ရှေးမြန်မာမင်းများလက်ထက်က ရွှေဖလားကို ပခုံးထက်တင်ကာ သပြေခက်ဖြင့် ရေပက်ကစားကြသော ရှေးမြန်မာလုလင်ပျို၊ လုံမပျိုများ၏ သင်္ကြန်ပွဲတော်နွှဲပျော်ကြပုံများကို တွေ့ရပါသည်။

လွန်ခဲ့သောနှစ်ပေါင်းလေးရာကျော် (ခရစ်နှစ် ၁၆၁၂ ခန့်)က ကေတုမတီ တောင်ငူပြည်တွင် တောင်ငူ ရွှေနန်းတည် မင်းရဲသီဟသူလက်ထက် မင်းမိဖုရားများ၊ မင်းညီမင်းသားလုလင်ပျိုများသည် လေးကျွန်းကန်တော်တွင် နံ့သာရနံ့သင်းထားသော ပန်းရေစင်၊ ပန်းဖလားများဖြင့် ကြည်နူးရင်ခုန်စွာ ရေကစားခဲ့ကြသည်။ ဧချင်းစာဆို မင်းဇေယျရန္တမိတ်က မင်းရဲနရာဧချင်းတွင် -

"တန်ခူးသာလွန်း၊ တာလဆန်းသော်၊ ရေသွန်းသဘင်၊
ဆင်ယင်" ကြကြောင်း
"ရောင်မြိုက်နွဲ့နောင်း၊ ရွှယ်ရှိပေါင်းမျှ၊ မှူးလောင်း
မတ်သား" တို့သည် မိမိရေသွန်းလိုသော ကေတုမတီ
နန်းတော်သူများကို "မြူတာကြိုင်လွတ်၊ ပန်းစုံသတ်
နှင့်"၊ "သွန်းဆွတ်လုယက်၊ ရည်ငံ့လျက်" ရှိကြကြောင်း
ဟူ၍ မှတ်တမ်းတင်ခဲ့ပါသည်။

ကျွန်မသိမီလိုက်သော ကျွန်မတို့အမေများ၊ အဒေါ်များခေတ်တွင်လည်း သင်္ကြန်သည် ပျော်စရာ၊ ကြည်နူးစရာ၊ စိတ်လှုပ်ရှားစရာ၊ နှစ်စဉ်နှစ်စဉ် မျှော်ခဲ့ရသော မြန်မာ့ရာသီပွဲတော်ဖြစ်ပါသည်။

ကျွန်မ၏ဇာတိရေမြေဖြစ်သော မော်လမြိုင်သည် သင်္ကြန်ဖြင့် နာမည်ကြီးသောမြို့ ဖြစ်ပါသည်။ မော်လမြိုင်သင်္ကြန်ပွဲသည် မြန်မာတစ်ပြည်လုံးက ပျိုရွယ်သူများ စိတ်ဝင်စားကြ၊ တစ်ခါတစ်ခေါက် ရောက်ဖူးအောင် ကြိုးစားလာရောက်ပြီး ရေကစားကြသော ပွဲဖြစ်သည်။

နာမည်အလှများ အမျိုးမျိုးပေးထားသော ရေပက်ခံအဖွဲ့များက ပုဆိုးဆင်တူဝတ်၊ သံချပ်တွေ၊ သင်္ကြန်သီချင်းတွေ မြိုင်မြိုင်ဆိုရင်း ကားများဖြင့် ရေပက်ခံထွက်ကြသည်။ မော်လမြိုင်သူ လှပျိုဖြူများကလည်း အဖွဲ့လိုက် အဖွဲ့လိုက် တူညီဝတ်စုံများ ဝတ်ဆင်ပြီး ရေပက်ကြသည်။ နှစ်ဆန်းတစ်ရက် (ရိုးဂိုးပြန်) နေ့အထိ တစ်မြို့လုံးစည်ကားသိုက်မြိုက်ဆူညံနေအောင် ရေကစားကြပါသည်။ ညဥ့်ပွဲရုပ်ရှင်ကြည့်ပြီး ပြန်သူကိုပင် ညဥ့် ၁၁ နာရီ ၁၂ နာရီထပြီး ရေလောင်းကြ၊ ပျော်ကြသော မော်လမြိုင်သင်္ကြန်ဖြစ်ပါသည်။

ဤမျှပျော်ကြသော သင်္ကြန်တွင် ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ရွှေမြိုင်သူရွှေမြိုင်သားများသည် လချီပြီး ပိုက်ဆံစုကြပါသည်။ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ်သော ရွှေမြိုင်သူများသည် သင်္ကြန်ရေကစားပွဲတော်တွင် လှပကြော့မော့နေရန်အတွက် သူ့ခေတ်နှင့်သူ ဖက်ရှင်ကျကျဝတ်နိုင်ရန်အတွက် ကြိုကြိုတင်တင်စီစဉ်ကြပါသည်။ ရေစိုလျှင်လှမည့် အရောင်၊ ရေစိုသော်လည်း ရုပ်မပျက် ကြန်ခြေမထိခိုက်သည့် အရောင်မျိုး၊ အဆင်မျိုးရွေးကြသည်ကို ကျွန်မမှတ်မိနေပါသည်။ ကိုယ်ခန္ဓာအတွင်းသားများကို မမြင်ရသော အစမျိုးရွေးကြသည်။ ထဘီကိုအတွင်းခံဖြင့် နှစ်ထပ်ဝတ်ကြသည်။ မြန်မာအင်္ကျီခါးတိုဝတ်သော ခေတ်ဖြစ်သောကြောင့် ခါးမပေါ်အောင် ခါးရှည်အတွင်းခံအင်္ကျီကို ဝတ်ကြပါသည်။

ကျွန်မတို့ အရွယ်ရောက်လာသောအခါတွင်လည်း ကျွန်မတို့ညီအစ်မများသည် သင်္ကြန်ရေကစားလျှင် ဝတ်ရန်အတွက် ယင်းသို့ပင် ပြင်ဆင်ခဲ့ကြပါသည်။ မြန်မာအမျိုးသမီးဝတ်စုံကိုပင် ခေတ်နှင့်အညီ ပြုပြင်ခဲ့ကြသည်။ မိန်းမသားသိက္ခာအတွက် ပိုလုံခြုံသည့် ရှပ်အင်္ကျီပုံစံ ဘလောက်စ် (blouse) အင်္ကျီများဖြင့် ရေကစားခဲ့ကြသေးသည်။

မြန်မာဝတ်စုံသည် အမျိုးသမီးများ၏ ကိုယ်ခန္ဓာအလှကို ဖော်ပြနေပြီးဖြစ်သောကြောင့် မလှမှာပူစရာမလိုပါ။ လုံလုံခြုံခြုံ ကြန်ခြေရရ ဝတ်ထားသောကြောင့် လူအများကြားတွင် မျက်နှာပူစရာလည်းမရှိ၊ စိတ်မလုံစရာလည်းမရှိ၊ ရှက်စရာလည်းမရှိ၊ ကဲ့ရဲ့ ပြစ်တင်ခံရစရာလည်းမရှိ။ စိတ်လုံခြုံမှုတစ်ခုကို ပြည့်ပြည့်ဝဝ ရရှိထားခြင်းကပင်လျှင် နှောင်ကြိုးကင်းသော၊ အနှောင့်အယှက် အစော်ကားမခံရသော အပျော်တွေကို လွတ်လပ်ပေ့ါပါးစွာ ရရှိခံစားရစေပါသည်။

ယနေ့မူ -
မနှစ်ကသင်္ကြန် . . . . .
တစ်နှစ်ကသင်္ကြန် . . . . .
ဆယ်စုနှစ်မကသော သင်္ကြန်များ . . . . .
ဘယ်သို့ဖြစ်ခဲ့ပါသနည်း။
အားလုံးသိကြမြင်ကြရသည့်အတိုင်း ရုပ်ပျက် ဆင်းပျက်။
ယောကျ်ားလေးတွေလည်း သရုပ်ပျက်။
မိန်းကလေးတွေလည်း ပျက်ချင်တိုင်း ပျက်နေသည့် သင်္ကြန်ဖြစ်နေပါပြီ။

ရေပိုက်များစွာနှင့် အပြင်းအထန်ရေပက်ကစားကြသောခေတ်တွင် ပါးပါးလှာလှာတွေ၊ အရောင်နုနုတွေ၊ တစ်ချောင်းကြိုးတွေ၊ နှစ်ချောင်းကြိုးတွေများ အကြောင်းပြောလျှင်ပင် မထူးခြားတော့ပြီ။

အတွင်းခံအင်္ကျီ၊ အတွင်းခံဘောင်းဘီများဖြင့် ရေကစားထွက်လာကြသလား ဖြစ်နေပြီ။
ရင်တစ်ခုလုံးမဖော်ရုံတမယ် ဖြစ်နေပြီ။
ဗိုက်တစ်ခုလုံးဖော်ထားသည်။
တိုလိုက်သည့် ဘောင်းဘီမှာပေါင်ရင်းရောက်နေပြီ။
သောက်လေ့မရှိသော ဘီယာတွေသောက်၊ မူး၊ တအော့အော့အန်၊ တယိမ်းထိုးထိုးဖြစ်။
လမ်းပေါ်တွင် တုံးလုံးပက်လက်။
စင်ပေါ်တွင် ခြေကားယား၊ လက်ကားယား၊ ဒူးထောင်ပေါင်းကားဖြစ်။

အနားကမူးမူးရူးရူးယောကျ်ားတွေနှင့် မြင်မကောင်း၊ ကြည့်မကောင်း၊ ဆွဲလားရမ်းလား၊ ဖက်လား၊ နမ်းလားတွေနှင့် ပျက်ချင်တိုင်းပျက်နေသည့် မြန်မာသင်္ကြန်။

မြန်မာတစ်မျိုးသားလုံး၏ မျက်နှာကို အိုးမဲသုတ်နေသော မြန်မာသင်္ကြန်ဖြစ်နေပြီ။

နာမည်ကြီးလှသော မြန်မာသင်္ကြန်ပွဲကို နွှဲချင်သောကြောင့် ပိုက်ဆံများစွာ အကုန်ခံပြီး တတန်တက လာလည်ကြသည့် အနောက်တိုင်းမှနိုင်ငံခြားသားဧည့်သည်တိုးရစ်များပင် တအံ့တသြဖြစ်ရ၊ လက်ဖျားခါရ၊ နှာခေါင်းရှုံ့ကြ၊ မြန်မာမိန်းကလေးများ၏ ဒီမိုကရေစီကို ကောင်းကောင်းသဘောပေါက်သွားကြပါသည်။

သူတို့နိုင်ငံတွင် အဆင့်အတန်းနိမ့်ကျသူတွေ ဝတ်သောအဝတ်များ၊ လုပ်သောအလုပ်များ ဖြစ်နေသည်လေ။

ဝတ်စားဆင်ယင်မှုသည် လူမျိုး၏စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြပါသည်။

အပေါ်တစ်မိုက် အောက်တစ်မိုက် ဝတ်ဆင်မှုမျိုးသည် အရှက်ကိုမသိသည့် ယဉ်ကျေးမှုနိမ့်ကျသော ကျောက်ခေတ်က အဆင့်ဖြစ်ပါသည်။

"ဟီရိ - အရှက်" သည် လောကကိုစောင့်ရှောက်သည့် လောကပါလတရား တစ်ပါးဖြစ်သည်။ မြန်မာသည် "အသက်နှင့်လူမလုပ်၊ အရှက်နှင့်လူလုပ်" သည့် လူမျိုးဖြစ်သည်။ အရှက်မရှိသူ၊ အရှက်နည်းသူ၊ ရှက်ရမှန်းမသိသူသည် လူမဟုတ်။ "အိပ်၊ စား၊ ကာမ၊ ဤသုံးဝ" ကိုသာ သိသော အရှက်ကိုမသိသော အဟိတ်တိရစ္ဆာန်နှင့် တစ်သားတည်း တစ်ဆင့်တည်းဖြစ်သွားပါလိမ့်မည်။

လူငယ်များအားကျစံထားကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အဆိုတော်များ၊ မော်ဒယ်များသည်လည်း သူ့နေရာနှင့်သူ ဝတ်ဆင်သင့်ပါသည်။ ရေကူးရာတွင် ဝတ်ရမည့် အဝတ်၊ အားကစားလေ့ကျင့်ရာတွင် ဝတ်ရမည့်အဝတ်၊ ပြည့်တန်ဆာစရိုက် သရုပ်ဆောင်လျှင် ဝတ်ရသည့် အဝတ်များကို စင်မြင့်ပေါ်တွင် ဝတ်ပြပြီး လမ်းသလားပြ၊ ရေကစားမဏ္ဍပ်ပေါ်တွင်တက်ပြီး ကဲပြနေခြင်းများ လုံးဝမလုပ်သင့်ပါ။ အနုပညာရှင်များကို ideal ထား စံထားပြီး ချစ်ကြသော၊ အတုယူကြသော မိန်းကလေးငယ်များ ကြန်ခြေသိက္ခာပျက် ဘဝပျက်ရမည့် ကိစ္စမျိုးတွင် ရှေ့ဆောင်လမ်းပြများ မဖြစ်သင့်ဟူသော "မူ" ရှိသင့်ပါသည်။ ဤကိစ္စများတွင် အနုပညာရှင်များသည် လက်ဝင်မလျှိုဘဲ လက်ရှောင်ထားသည့်သူများ ဖြစ်စေချင်ပါသည်။

ရေကစားမဏ္ဍပ်ပိုင်ရှင်များသည်လည်း အဓိပ္ပာယ်ရှိသော၊ သင့်မြတ်လျော်ကန်သော မဏ္ဍပ်စည်းကမ်းများ သတ်မှတ်ထားရပါမည်။ ကိုယ့်မဏ္ဍပ် လူစည်ရင်ပြီးရော ဆိုပြီး ဝတ်ချင်သလိုဝတ်ပြီး မူးချင်တိုင်းမူး၊ ရမ်းချင်တိုင်းရမ်း၊ ကချင်သလိုကနေသော မိန်းကလေးများကို အုပ်စုလိုက်ငှားပြီး စင်ပေါ်တင်ခြင်းမျိုးသည် လုပ်သင့်သော အလုပ်ဟုတ်ပါသလားဟု ပြန်စဉ်းစားကြစေချင်ပါသည်။

ရေကစားမဏ္ဍပ် ပတ်လည်တွင်ရော၊ တစ်မြို့လုံးတွင်ရော၊ ရပ်ကွက်တိုင်းတွင်ရော ဘယ်နေရာမှာဝယ်ဝယ် ဝယ်လို့ရနေသည့် ဘီယာတွေ၊ အရက်တွေ၊ မူးယစ်ဆေးအမျိုးမျိုးတွေကိုလည်း ကြပ်ကြပ်မတ်မတ် ထိန်းချုပ်ရန် နည်းလမ်းများကိုလည်း ချမှတ်ရပါတော့မည်။

ဝတ်စားဆင်ယင်မှုကိစ္စတွင်လည်း မိဘများ၊ ဒွေးဒေါ်မိကြီးများ၊ ဆရာဆရာမများ၊ တာဝန်ရှိသူများသည်လည်း မသိကျိုးကျွံနေ၍မဖြစ်။

လှချင်သော၊ ခေတ်ရှေ့ပြေးချင်သော၊ လူအများကြားတွင် ထင်ရှားပေါ်လွင်ချင်သော ပျိုရွယ်သူများ၏ စိတ်သဘာဝကို ကျွန်မတို့သည် "ရှက်တတ်သောစိတ်" ဖြင့် ဝိုင်းထိန်းပေးကြရမည် ဖြစ်ပါသည်။

ပြောမရ ပြောမနိုင်၍ မပြောဘဲ လွှတ်ထားလျှင် ကိုယ့်သားသမီး၊ ကိုယ့်တပည့်၊ ကိုယ့်ပြည်သူများသာ အလှပျက်၊ ဘဝပျက်၊ ဂုဏ်ပျက်၊ ယဉ်ကျေးမှုပျက်ပါလိမ့်မည်။

ယဉ်ကျေးမှုပျက်လျှင် လူမျိုးရော တိုင်းပြည်ပါ ပျက်ပါမည်။

ဤသည်များကိုသိလျက်နှင့် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့တွေး၊ ပေါ့ပေါ့သာ လုပ်နေကြပါလျှင် အနာဂတ်မြန်မာများသည် "ရွှေရည်စိမ် မြန်မာ" များအဖြစ်ဖြင့် သူတစ်ပါးတံတွေးခွက်တွင် ပက်လက်ရော မှောက်ခုံပါ မျောကြရပါလိမ့်မည်။

ကျွန်မတို့အားလုံးသည် သိလျက်နှင့်ပင် ဝိပါက်ကြမ္မာငင်နေကြပါလျှင် ရွှေဉာဏ်ရှင် မဝေခွဲနိုင်တော့သော ပွဲတွေ့အမှားများနှင့် မလွဲမသွေ ကြုံတွေ့ကြရမည် ဖြစ်ပါကြောင်း ကျွန်မတွေ့မြင် ဆင်ခြင်မိသမျှ တင်ပြလိုက်ရပါသည်။

"ဥဩငှက်ပျို၊ နွေတေးဆို၍
ရွှေအိုပိတောက်၊ သင်္ကြန်ရောက်ပြီ
"မြန်မာ့ဂုဏ်ရည်" ကို
ထုံးမီစံပြု၊ ယဉ်ကျေးမှုဖြင့်
ထုဆစ်ဖန်တီးကြပါစို့"။ ။

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများမပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသောရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများမပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့



**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# ၂၀၁၃ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ထောက်ခံမဲ(၅၅၅)မဲ၊ ကြားနေမဲ(၂)မဲနှင့်ကန့်ကွက်မဲမရှိ အတည်ပြု

**နေပြည်တော် မတ် ၂၁**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၂၃)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက အစီအစဉ်(၁၀)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပူးတွဲဇယားဖြင့် တင်ပြထားသော ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုဆောင်ရွက်ခဲ့သည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က **၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း** တစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းရာ ထောက်ခံမဲ (၅၅၅)မဲ၊ ကြားနေမဲ(၂)မဲနှင့်ကန့်ကွက်မဲမရှိ လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းအပေါ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူက "၂၀၁၃ ခုနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း ဆွေးနွေးတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကနေ တချို့ဘတ်ဂျက်ခေါင်းစဉ်တွေကို ပြောင်းလဲပေးနိုင်ခဲ့လို့ ပေါ်ပေါက်လာမယ့် ဘဏ္ဍာငွေတွေကို အခြားလိုအပ်နေတဲ့ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေးကဏ္ဍတွေမှာ ပိုမိုသုံးစွဲသွားနိုင်ရင် နိုင်ငံတော်အတွက် ကောင်းပါတယ်"ဟု ပြောပြခဲ့သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ မတ် ၂၁ ရက်အတွင်း ၂၃ ရက် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သော ဥပဒေပြုခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေကို တင်ပြလိုပါကြောင်း။

ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်က အတည်ပြုပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည့်ဥပဒေ(၆)ခုရှိပြီး ယင်းဥပဒေများမှာ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ပေးပို့ထားပြီးဖြစ်သည့် ဥပဒေကြမ်း (၈)ခုမှာ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း၊ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေကြမ်း၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကြမ်း၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်း၊ ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းတို့ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ပါကြောင်း။

ထို့အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သော ပဉ္စမကာလတိုငါးနှစ်အမျိုးသားစီမံကိန်း (၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)(မူကြမ်း)ကို လွှတ်တော်တွင် ဆွေးနွေးမှတ်တမ်းတင်ခြင်းအပါအဝင် မှတ်တမ်းတင်ခြင်း(၃၈)ခု၊ အာမေးနီးယားသမ္မတနိုင်ငံနှင့် သံတမန်ဆက်သွယ်မှုထူထောင်ခြင်း၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ(ODA Loan)ရယူခြင်း၊ "Convention on the Recognition and Enforcement of Foreign Arbitral Awards, 1958 (New York Convention)"သို့ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခြင်း၊ နိုင်ငံတော်၏စီးပွားရေးစနစ်အတွင်း ကြားခံအဖြစ် သတ်မှတ်သုံးစွဲလျက်ရှိသော FEC အား ပြန်လည်ရွေးနုတ်ယူမည့် ကြေညာချက်ထုတ်ပြန်ခြင်းကိစ္စများနှင့်စပ်လျဉ်းသည့် လွှတ်တော်၏သဘောတူအတည်ပြုချက်ရယူခြင်းများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် (၁၂)ဦးခန့်အပ်တာဝန်ပေးခြင်းကို အတည်ပြုခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အလားတူ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အခွန်အကောက်ဆိုင်ရာ ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကော်မတီများနှင့်ကိုယ်စားလှယ်များက အဆိုတင်သွင်းဆွေးနွေးခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှပေးပို့သည့်သဝဏ်လွှာအရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာအပိုင်း(၁)နှင့်(၂)တို့ကို လွှတ်တော်သို့ တင်သွင်းခြင်းကိစ္စများ ဆောင်ရွက်နိုင်ခဲ့ကြောင်းကို အသိပေးတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကို လာမည့်၂၀၁၃ ခုနှစ် ဇွန်လ ၂၅ ရက်မတိုင်မီ သာမန်အားဖြင့်ခေါ်ယူမည်မဟုတ်ကြောင်းကို အသိပေးအပ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံး မိမိတို့၏သက်ဆိုင်ရာနယ်မြေများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး ပြည်သူတို့၏ဆန္ဒလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် တာဝန်ကျေပွန်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

လွှတ်တော်၏ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က "လွှတ်တော်ရဲ့အရည်အသွေး၊ လွှတ်တော်ရဲ့ခိုင်မာမှု မြင့်မားလာတာပေါ့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေမှာ အငယ်စား၊ အလတ်စားတွေအတွက် ဖွင့်ပေးတဲ့ (၈၀)ရာခိုင်နှုန်းနဲ့ လက်တစ်ဆုပ်စာလောက်ပဲ ခရိုနီကြီးတွေအတွက်သာ အကျိုးရှိမယ့် (၄၉)ရာခိုင်နှုန်းကိစ္စပေါ့၊ အဲဒီကိစ္စမှာ လွှတ်တော်က မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးလိုက်တာပေါ့၊ လူအများစုဘက်ကိုကြည့်တဲ့ဘက်က (၃၀၆)မဲရပြီးတော့ လူနည်းစုကို ကြည့်တဲ့ဘက်က (၂၃၅)မဲပဲရပါတယ်၊ (၇၁)မဲကွာတာပေါ့။

နောက်တစ်ခါ ပြည်သူ့လွှတ်တော်မှာတုန်းကလည်း (၈၀)ရာခိုင်နှုန်းဆိုတာ ကျွန်တော်တစ်ဦးပဲ ရပ်ခဲ့တာပါ၊ ပြည်ထောင်စုလွှတ်တော်မှာကျတော့ ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တစ်ဦးတည်းရပ်ခဲ့တဲ့ အယူအဆဟာ အမျိုးသားလွှတ်တော်ကျတော့ အများစုအယူအဆဖြစ်သွားတယ်၊ အဲဒါဟာ လွှတ်တော်ရဲ့အားကောင်းမှု၊ ခိုင်မာမှုပေါ့၊ ပါတီအရေးထက် တိုင်းပြည်အရေးကို ကြည့်တာပေါ့၊ ဒါမျိုးကျတော့ ဆဋ္ဌမအကြိမ်မှာအားရပါတယ်။

နောက်တစ်ခုက ဆဋ္ဌမအကြိမ်မှာ အရင်ထက်စာရင် ပြည်ထောင်စုလွှတ်တော်အနေနဲ့ မလိုအပ်တဲ့ ဘတ်ဂျက်တွေကို ဖြတ်တောက်ပြီးတော့ နိုင်ငံ့ဝန်ထမ်းတွေရဲ့လစာကို နှစ်သောင်းအထိတိုးမြှင့်ပေးနိုင်ခဲ့ပါတယ်၊ နိုင်ငံ့ဝန်ထမ်းတွေအတွက် တကယ်လိုအပ်တဲ့ဟာပေါ့၊ ဒါဟာ လက်ငင်းလူအများစုအတွက် အကျိုးရှိတဲ့အရာတွေကို ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုနိုင်တဲ့အတွက် ကျွန်တော်တို့တိုင်းပြည်မှာ ရှေ့ကိုဈေးကွက်စီးပွားရေးလုပ်တဲ့အခါမှာ လူတစ်စုချမ်းသာရေးထက်ကို လူထုသက်သာရေး လုပ်ရမယ်ဆိုတဲ့ အယူအဆပေါ့၊ ပြည်ထောင်စုလွှတ်တော်ကနေစပြီးတော့ အဆုံးအဖြတ်ပေးပါပြီလို့ ပြောချင်ပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀နာရီ မိနစ် ၅၀ တွင် ရပ်နားခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။**
**ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)**

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# သူနာပြု/ သားဖွားသင်တန်းဆင်းများအား သင်တန်းဆင်းနှစ်အလိုက်၊ ရမှတ်အများ၊ အနည်းအလိုက် ခန့်ထား

**နေပြည်တော် မတ် ၂၁**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၉)ခုဖြင့်ကျင်းပပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြန်လည်ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ **ဦးအောင်ငြိမ်း၏ သူနာပြုသားဖွားသင်တန်းကျောင်းမှ သင်တန်းဆင်းပြီးသောသင်တန်းသူများအား မည်သည့်အတွက်ကြောင့် (၅)နှစ်အကြာမှ အလုပ်ခန့်ထားရသည်၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မည်သို့သောစီမံချက်ရှိပြီး မည်သည့်စနစ်ဖြင့် အလုပ်ခန့်ထားပေးသည်ကို သိရှိလိုပါကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် သူနာပြု/ သားဖွားသင်တန်းဆင်းများအား နိုင်ငံ့ဝန်ထမ်းအဖြစ်ခန့်ထားရာတွင် ကျန်းမာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်၍ သင်တန်းတက်ရောက်ခွင့်ပြုခဲ့သောသူများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လစ်လပ်နေရာများတွင် သင်တန်းဆင်းနှစ်အလိုက်၊ သင်တန်းဆင်းစာမေးပွဲတွင် ရမှတ်အများ၊ အနည်းအလိုက် ၎င်းတို့သင်တန်းတက်ရောက်ခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းတွင် ဦးစားပေးခန့်ထားပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများသို့ တပ်ရင်းတပ်ဖွဲ့ ဆေးခန်းများတွင်လည်းကောင်း၊ အဖွဲ့အစည်းများတွင်လည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အထူးကိစ္စရပ်ဖြင့် သင်တန်းတက်ရောက်ခွင့်ပြုပါရန် ညှိနှိုင်းချက်များအရ သင်တန်းတက်ရောက်ခွင့်ပြုခဲ့ပါကြောင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် တပ်ရင်းတပ်ဖွဲ့၊ အဖွဲ့အစည်း ကိုယ်စားပြုတက်ရောက်အောင်မြင်ခဲ့သော သင်တန်းဆင်းများအား မူလညှိနှိုင်းခဲ့သည့်အဖွဲ့အစည်းများက ခန့်ထားတာဝန်ပေးအပ်ခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် ခန့်ထားပေးနိုင်ရန် ညှိနှိုင်းသူများကိုသာ ကျန်းမာရေးဦးစီးဌာနတွင် ဝန်ထမ်းအဖြစ်ခန့်ထားပေးခဲ့ပါကြောင်း ဖြေကြားသည်။



**ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး။**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း။**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော တရားရုံးများကို မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းနှင့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းဆွေက "လူဦးရေနဲ့အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေက တကယ်တော့ အရေးကြီးပါတယ်၊ ဒါဟာ အမျိုးသားရေးပြဿနာတစ်ရပ်လို့ ရှုမြင်လို့ရပါတယ်၊ ပြောရရင် စာရင်းဇယားတွေ၊ အချက်အလက်တွေ သေသေချာချာကောက်ယူပြီး စနစ်တကျပြုစုပြီးမှသာ စိစစ်ဆောင်ရွက်သင့်ပါတယ်၊ ဒါမှသာ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး စတဲ့အခြေအနေအရပ်ရပ်ကို အကောင်းဆုံးပြင်ဆင်လို့ရမှာ ဖြစ်ပါတယ်၊ အခုလည်း လူဦးရေသန်းခေါင်စာရင်းထပ်မံကောက်ယူတော့မယ် ဆိုတာသိရ ပါတယ်၊ ကောင်းမွန်တဲ့အစီအမံတစ်ခုဖြစ်ပါတယ်"ဟု ပြောပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့်ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာကော်မတီက ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင်ရပ်နားလိုက်ပြီး အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည် ဖြစ်သည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာစေရန် ဖော်ဆောင်သွားမည်

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဗီယက်နမ် ဒုတိယသမ္မတ မဒမ်ငုရင်သီဒွမ်းတို့ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။
(သတင်းစဉ်)





နေပြည်တော် မတ် ၂၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုရင်သီဒွမ်း၏ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ဟန်နွိုင်းမြို့ရှိ သမ္မတအိမ်တော်သို့ရောက်ရှိရာ ဗီယက်နမ် ဒုတိယသမ္မတက အိမ်တော်မျက်နှာစာ၌ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။**

ရှေးဦးစွာ ဒုတိယသမ္မတများသည် သမ္မတအိမ်တော်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နှစ်နိုင်ငံဆွေးနွေးပွဲကို သမ္မတအိမ်တော်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသန့်ကျော်၊ ဦးဆက်အောင်၊ ဗီယက်နမ်နိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသက်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ် ဒုတိယသမ္မတ မဒမ်ငုရင်သီဒွမ်းနှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများဆက်လက်တိုးတက်ခိုင်မာစေရန် လက်တွဲဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြန်မာ-ဗီယက်နမ်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု ယခုထက်ပိုမိုရှိလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ကို ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးပြီးနောက် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များအား ဆွဲဆောင်ပေးသည့်နေရာဖြစ်ပေါ်စေရန် အမျိုးမျိုးသောစီးပွားရေးဆောင်ရွက်မှုများကိုပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်မှုရှိသည့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအား ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပိုမိုအထောက်အကူပြုနိုင်စေရန်အတွက် ပြန်လည်ပြင်ဆင်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ သီလဝါ အထူးစီးပွားရေးဇုန်၊ တနင်္သာရီတိုင်းဒေသကြီး၌ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်၌ ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့ကို ထူထောင်လျက်ရှိပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ဒုတိယသမ္မတ မဒမ်ငုရင်သီဒွမ်းအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်းဖြင့်ပြောကြားရာ ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ မဒမ်ငုရင်သီဒွမ်းက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အောင်မြင်မှု၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံ ဥက္ကဋ္ဌရာထူးလက်ခံရရှိမှုနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲလက်ခံကျင်းပရမှုတို့အပေါ် ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဦးဆောင်မှုဖြင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ယခုထက်တိုးတက်အောင်မြင်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့အပြင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ စိုက်ပျိုးမွေးမြူရေး၊ ဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် စွမ်းအင်ကဏ္ဍစသည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေများရေးဆွဲပြဋ္ဌာန်းပြီးဖြစ်၍ ဗီယက်နမ်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံတွင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဗီယက်နမ်နိုင်ငံ၏ ပြိုင်ပွဲကျင်းပသည့်အတွေ့အကြုံများ မျှဝေပေးရေး၊ မြန်မာ-ဗီယက်နမ်-လာအို-ကမ္ဘောဒီးယား လေးနိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကဏ္ဍစုံ နယ်ပယ်အရပ်ရပ်တွင် ယခုထက် ပိုမိုရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ဗီယက်နမ်ဒုတိယသမ္မတက သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနေသဟာယနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ်လိုက်ပါခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးများသည် ဩစတြေးလျနေသဟာယနိုင်ငံသို့ရောက်ရှိစဉ် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မတ် ၁၈ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဩစတြေးလျနေသဟာယနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားဝန်ကြီးဌာန ဝန်ကြီး Mr. Brenden O Conner နှင့် ကင်ဘာရာမြို့တော် လွှတ်တော်ဝင်းအတွင်းရှိ ဧည့်ခန်းမ၌ နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးတို့ ပါဝင်သောအဖွဲ့နှင့် ဩစတြေးလျနေသဟာယနိုင်ငံ Allens Link Laters ဥပဒေနှင့် အထွေထွေအကျိုးဆောင်အဖွဲ့မှ Ezekiel Selamon, Assistant Professor Michele Ford, Assistant Professor Nigel Finch တို့နှင့် ဥပဒေပညာရှင်များပါဝင်သောအဖွဲ့သည် မတ် ၁၉ ရက်တွင် Allens Link Laters အဖွဲ့ရုံးခန်း၌ တွေ့ဆုံ၍ သတ္တုတွင်းဥပဒေရေးဆွဲရေး၊ ပညာရေးပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က အသစ်ရေးဆွဲပြီးဖြစ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ရင်းနှီးမြှုပ်နှံသူ အခွင့်အရေး၊ သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများ၊ သတ္တုတွင်းဥပဒေပါ Royalty Moden, Production Sharing Model များကို ရှင်းလင်းပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေတို့ကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံဆွေးနွေးချက်များအရ ဩစတြေးလျနိုင်ငံမှ သတ္တုတွင်းဥပဒေရေးဆွဲရေးအတွက် နည်းပညာ အကူအညီပေးခြင်း၊ Aus Aid မှ ဒေါ်လာသန်း ၂၀ သုံးစွဲပြီး နည်းပညာအကူအညီ၊ ပညာရှင်နှင့် လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ၂၀၁၃ ခုနှစ် မေလတွင် ဩစတြေးလျနိုင်ငံသို့ လာရောက်ပြီး သတ္တုတွင်းကိစ္စ၊ သတ္တုတွင်း ဘဏ္ဍာရေးနှင့် အမြတ်ခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များ လေ့လာဆွေးနွေးခြင်း၊ ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်များဖြစ်သည့် ဆစ်ဒနီတက္ကသိုလ်၊ ဆစ်ဒနီပညာရေးတက္ကသိုလ်တို့နှင့် ပူးပေါင်း၍ စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆေးဝါး၊ လူမှုရေးသိပ္ပံနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ဘာသာရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်ရေး (Private Partnership) တို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် သတ္တုတွင်း၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် Aus Aid တို့ ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကိုလံဘိုစီမံကိန်းပညာသင်ဟောင်းများစာရင်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စာရင်းပြုစုပေးခြင်းတို့ကို Aus Aid မှ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ **(အပေါ်ဝဲပုံ)** တို့သည် မတ် ၂၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဩစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ တာဝန်ရှိသူများက လေဆိပ်ဧည့်ခန်းမ၌ လူဝင်/လူထွက် စစ်ဆေးမှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်အား ခေတ်မီနည်းပညာအသုံးပြုဆောင်ရွက်မှု၊ စာရွက်စာတမ်း အတုအပ စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက လေဆိပ်အတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီးနောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို တာဝန်ရှိသူများနှင့် ထပ်မံတွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၁**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခြင်း၊ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အသုံးစရိတ်များအစီရင်ခံစာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၂-၃-၂၀၁၃ (သောကြာနေ့)**

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ နံနက်ခင်းသတင်း
၄:၂၅ နှောင်းခေတ်တေးပဒေသာ
၄:၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
-ပထမနှစ်
(ရူပဗေဒအထူးပြု)
(ရူပဗေဒ)
၄:၅၅ မြန်မာစာ၊ မြန်မာစကား
- ပြည်သူတို့ရဲ့ စကားသံများ
- နိုင်ငံတကာ သတင်းများ
- မိုးလေဝသအခြေအနေ
- "လူမှန်နေရာမှန်" (အပိုင်း-၁)
(မင်းမော်ကွန်း၊ ဝက်မ၊ မိုးတိမ်၊ ရွှေသွေး၊ လန်ဒန်၊ဒွဲဒိုး၊ ငွေတိုး၊ ဆည်းဆာ၊ စူပါလင်း၊ ဆန်းဒေး၊ ထက်ထက်ဝင်း၊ထက်နဒီမိုး)
(ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- "အဖေနှင့်သား"
(ဇော်လင်း၊ ကျော်သူ၊ ချိုပြုံး၊ မေဝင်းမောင်)
(ဒါရိုက်တာ -မောင်နှင်းမိုး)

**ရန်ကုန်  မတ်  ၂၁**

မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ပြိုင်ပွဲဝင် ယိမ်းအကအဖွဲ့များ မတ် ၁၈ ရက်မှ ဧပြီ ၃ ရက်အထိ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

# ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်နိုင်

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအက ပြိုင်ပွဲများကို ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများကို မူလတန်းကြို ကျောင်းများအတွက် ၁၂ ဦး ယိမ်းပြိုင်ပွဲ၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့ အစည်းများမှ ၁၂ ဦး ယိမ်းနှင့် ၁၆ ဦးယိမ်းပြိုင်ပွဲများ၊ ၂၀ ဦးယိမ်းအလွတ်တန်းပြိုင်ပွဲများနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဟူ၍ သီးခြားကျင်းပနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ပြိုင်ပွဲဝင်မည့်အသင်းများသည် မတ် ၁၈ ရက်မှ စတင်၍ ဧပြီ ၃ ရက်အထိ ရုံးချိန်အတွင်း ကျောက်တံတားမြို့နယ် (၃၈) လမ်း ၉ ထပ်ရုံး ၇ လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စစ်ဆေးရေးဌာနရုံးခန်းသို့ လာရောက် စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၃၇၉၆၉၃ နှင့် ၀၁-၃၇၈၀၀၃ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**

# တက္ကစီများကို မထသ(ဗဟို)မှ ကိုင်တွယ်ခြင်းကြောင့် ယာဉ်ပိုင်ရှင်များ ငွေအပိုထပ်ကုန်ခြင်းမျိုးမရှိနိုင်

**ရန်ကုန်  မတ်  ၂၁**

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော တက္ကစီယာဉ်များကို မထသ(ဗဟို)မှ လွှဲပြောင်းကိုင်တွယ်မှုသည် ယာဉ်ပိုင်ရှင်များအတွက် ငွေကြေးထပ်မံကုန်ကျခြင်းမျိုးမရှိနိုင်ကြောင်း မတ် ၂၀ ရက်တွင် ကျင်းပသည့် မထသ(ဗဟို) မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

တက္ကစီယာဉ်များကို မထသ(ဗဟို)မှ ကိုင်တွယ်ခြင်းကြောင့် ယာဉ်ပိုင်ရှင်များက ငွေကြေးထပ်မံကုန်ကျမည်ဟုထင်နေကြခြင်းအတွက် မထသ(ဗဟို)မှ အတွင်းရေးမှူး ဦးဘမြင့်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းပင်ဖြစ်သည်။

ထိုတက္ကစီယာဉ်များကို ကြပ်မတ်ကွပ်ကဲရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက် ရက်စွဲဖြင့် မထသ(ဗဟို)သို့ တာဝန်ပေးလိုက်ပြီး ၂၀၁၃ ခုနှစ် မတ် ၄ ရက်တွင် လွှဲပြောင်းခြင်းနှင့်ပတ်သက်၍ စည်ပင်သာယာမှ တာဝန်ရှိသူများနှင့် မထသမှ ပုဂ္ဂိုလ်များ ဆွေးနွေးခဲ့ကြကြောင်း၊ လွှဲပြောင်းလက်ခံမှုကို မတ် ၁၅ ရက်တွင် လုပ်ဆောင်ရန် သဘောတူဆွေးနွေးမှုအရ မတ် ၅ ရက်မှစတင်ကာ တက္ကစီယာဉ်များကို စည်ပင်သာယာမှ လုပ်ဆောင်နေသည့် မှတ်ပုံတင်ခြင်းလုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများအား မထသဝန်ထမ်းများက လေ့လာခဲ့ကြကြောင်း၊ အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်စည်ပင်သာယာရုံးများတွင် မထသဝန်ထမ်းနှစ်ဦးစီ၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်စည်ပင်သာယာရုံးများတွင်တစ်ဦးစီ တာဝန်ချကာ မထသဝန်ထမ်းများမှ လုပ်ငန်းကျွမ်းကျင်စေရန် လေ့လာစေခဲ့ကြောင်း သိရသည်။

ထို့နောက် တက္ကစီယာဉ်များကို မထသ(ဗဟို)သို့ လွှဲခြင်းနှင့်ပတ်သက်၍ အမျိုးသမီးတစ်ဦးက နိုင်ငံတော်သမ္မတထံစာတင်၍ တက္ကစီမှတ်ပုံတင်သောလုပ်ငန်းကို မူလအတိုင်း စည်ပင်သာယာမှသာ လုပ်ဆောင်နိုင်ရန် အကြံပြုတင်ပြခဲ့သောကြောင့် မတ် ၁၄ ရက်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးက မထသ(ဗဟို) အပါအဝင် ဌာနဆိုင်ရာများ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ ယာဉ်လိုင်းအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။ ထို့ကြောင့် စတင်လွှဲပြောင်းမှုကို မတ် ၁၅ ရက်တွင် စီစဉ်ထားရာမှ မတ် ၂၂ ရက်မှ လက်ခံပေးရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆိုထားခြင်းကြောင့် လွှဲပြောင်းမှုကို အနည်းငယ်နောက်ဆုတ် ရွှေ့ဆိုင်းလုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

**(၆၈၀)**

# ထောပတ်သီးက လေဖြတ်ခြင်းကို ကာကွယ်ပေးနိုင်



ထောပတ်သီးစားသုံးခြင်းသည် ကိုယ်ခန္ဓာအတွက်လိုအပ်သော အာဟာရများကို ဖြည့်တင်းပေးနိုင်ရုံသာမက သဘာဝမှရသော သကြားဓာတ်ကို ထောက်ပံ့ပေးခြင်း၊ ကိုယ်အလေးချိန်ကျဆင်းစေခြင်း၊ အကျိုးပြု ကိုလက်စထရောကို တက်စေပြီး ဆိုးကျိုးပေးသောကိုလက်စထရောကို ကျဆင်းစေခြင်း စသည့်အချက်များကို ရရှိစေနိုင်သည်ဟု သိရသည်။ ယခုလေ့လာမှုတွင် ဖော်ပြထားချက်အရ ထောပတ်သီးသည် လေဖြတ်ခြင်းကိုပါ ကာကွယ်ပေနိုင်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ယခုလေ့လာမှုကို အမျိုးသားကျန်းမာရေးနှင့် အာဟာရဆိုင်ရာစစ်တမ်း (National Health and Nutrition Examination Survey, NHANES) မှရရှိခြင်းဖြစ်ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း လေ့လာခဲ့သည်။ အမေရိကန်နိုင်ငံသား အသက် (၁၉) နှစ်အထက်ရှိသူ ၁၇၅၆၇ ဦးကို လေ့လာခဲ့သော ယခုလေ့လာမှုတွင် ၃၄၇ ဦးသည် ထောပတ်သီးကို နေ့စဉ်စားသုံးသူများဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါထောပတ်သီးနေ့စဉ်စားသုံးသူများ၏ ကျန်းမာရေးအခြေအနေကို မေးခွန်းများမေးမြန်းခြင်း၊ စမ်းသပ်ခြင်းများဖြင့် လေ့လာခဲ့သည်။ ထောပတ်သီးနေ့စဉ်စားသုံးသူများသည် ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးမှုပုံစံ အညွှန်းကိန်းဖြစ်သည့် healthy eating index, HEI နှင့် အနီးစပ်ဆုံးသူများဖြစ်လာကြောင်း၊ ထောပတ်သီးနေ့စဉ်စားသုံးသူများသည် မစားသုံးသူများထက်နေ့စဉ် ထောပတ်သီးမှအမျှင်ဓာတ် ၃၆ ရာခိုင်နှုန်း၊ ဗီတာမင် အီး ၂၃ ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ် သတ္တုဓာတ် ၁၃ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၁၆ ရာခိုင်နှုန်းနှင့် ဗီတာမင်ကေ ၄၈ ရာခိုင်နှုန်း ပိုမိုရရှိကြောင်း သုတေသနတွင် ဖော်ပြထားသည်။ နေ့စဉ် ထောပတ်သီးစားသုံးပေးပါက ကျန်းမာရေးအတွက် သင့်တော်သောအဆီဓာတ်များကို မစားသုံးသူများထက် ၁၈ ရာခိုင်နှုန်း ပိုမိုရရှိကြောင်းလည်း ဖော်ပြထားသည်။ ယခုလေ့လာမှုကပြဆိုသော ရလဒ်မှာ ခန္ဓာကိုယ်ဇီဝဖြစ်စဉ် ချို့ယွင်းမှု (metabolic syndrome) ကြောင့်ဖြစ်ရသော လေဖြတ်ခြင်းကိုလည်း ၅၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ခြင်းပင်ဖြစ်သည်။

**(စိုးဝင်း-MLA)**



ပြည်တွင်းရေးရာ

## ယနေ့ ရုပ်ရှင်

THE ATTACKS OF 26/11 မှာ ၂၀၀၈ ခုနှစ် မွမ်ဘိုင်းတိုက်ခိုက်ခံရမှု အဖြစ်အပျက်များကို အခြေခံရိုက်ကူး ထားသည်။ ထိုတိုက်ခိုက်မှုအဖြစ်အပျက်များကို အတွင်းကျကျ ဖော်ပြပေးထားသည့် လေ့ကျင့်ထားသော အကြမ်းဖက်သမား ကိုးဦးက မွမ်ဘိုင်းမြို့ခံများကို ဓားစာခံအဖြစ် နာရီ ၆၀ ကြာ ပြန်ပေးဆွဲတိုက်ခိုက်မှုများကို ဒါရိုက်တာ Ram Gopal Varnma က ရိုက်ကူးထားပြီး သရုပ်ဆောင် Nana Patekar၊ Atul Kulkarni တို့က ပါဝင်သရုပ်ဆောင်ထားသည်။ **(အောက်ပုံ)**ရှေ့ဆောင်ရုံ၌ မတ် ၂၂ ရက်တွင် ရုံတင်ပြသမည်ဖြစ်သည်။

မတ် ၂၂ ရက်တွင် ရုံတင်ပြသမည့် ဇာတ်ကားများမှာ သမ္မတ၊ သွင်၊ မင်္ဂလာ(၁) သိမ်ကြီးဈေး၊ Top Royal၊ ဝင်းလိုက်နှင့်မြို့မရုံတို့တွင် **ဇာတ်လမ်းဟောင်းတွေရှိခဲ့ရင်**၊ မင်္ဂလာ(၂)၊ ဒဂုံစင်တာ (၂) မြေနီကုန်းရုံတို့တွင် OZ THE GREAT AND Powerful (3D) နှင့် နေပြည်တော်ရုံတွင် THE LAST STAND ဇာတ်ကားတို့ ပြသလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

**(ကောင်းဆက်)**




## စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် နှစ်နှစ်အတွင်း နေအိမ် ၂၈ လုံးရွှေ့ပြောင်းရ

**တောင်ငူ မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရွာတန်းရှည်ကျေးရွာတွင် စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် နှစ်နှစ်အတွင်း လူနေအိမ်ခြေ ၂၈ လုံးပြောင်းရွှေ့ခဲ့ရသည်။ ယခင်က ရွာအရှေ့ဘက် ကိုက် ၂၀၀ ခန့် အကွာတွင် စီးဆင်းနေသော မြစ်ရေသည် ၂၀၁၁ ခုနှစ်က ကာလရှည်ကြာ မြစ်ရေကြီးချိန်တွင် မြစ်ကြောင်းပြောင်းပြီး ကျေးရွာ၏အလယ်ပိုင်းသို့ ဦးတည်လာခဲ့သည်။ ထို့မှတစ်ဆင့် ကမ်းပါးများ အဆက်မပြတ် ပြိုကျလာပြီး ၂၀၁၁ ခုနှစ်တွင် နေအိမ် ၁၅ လုံးနှင့် ၂၀၁၂ ခုနှစ်တွင် နေအိမ် ၁၃ လုံးပြောင်းရွှေ့ခဲ့ရသည်။

မြစ်ကမ်းပါးမှာ ဒေသလယ်မြေများ စစ်တောင်းမြစ်ရေ လွှမ်းမိုးဖျက်ဆီးမှုမှ ကာကွယ်ရန် ဆယ်ဖို့ထားသော မြစ်အနောက်ဘက်ကမ်းရှိ တာရိုးနှင့် ကိုက် ၃၀ ခန့်သာ ကွာဝေးတော့ရာ အဆိုပါကျေးရွာနှင့် ဆက်စပ်ကျေးရွာများရှိ တောင်သူများအနေဖြင့် တာရိုးကျိုးမည်ကို စိုးရိမ်လျက်ရှိသည်။ ၂၀၁၁ ခုနှစ် စပါးစိုက်ပျိုးရာသီတွင်လည်း သဖန်းပင်ကျေးရွာအနီးရှိ အရှည်ကိုက် ၁၀၀ ခန့် တာရိုးကျိုးပေါက်ခဲ့သဖြင့် သဖန်းပင်ကွင်း၊ ကန်ရိုးကွင်း၊ မပဟင်ကွင်းတို့မှ လယ်မြေများ မြစ်ရေနစ်မြုပ် ဆုံးရှုံးခဲ့ရသည်။ စစ်တောင်းမြစ်ကြောင်းတစ်လျှောက်တွင် မြစ်ချိုး၊ မြစ်ကွေ့နေရာ ၃၀ ကျော်ရှိသဖြင့် မြစ်ရေစီးကြောင်း နှေးကွေး၍ နုန်းပို့ချမှုများပြားခြင်းနှင့် မြစ်ကြမ်းပြင်မြင့်တက်ခြင်းတို့ကြောင့် မိုးရာသီကာလ၌ မြစ်ရေကြီးမှုမှာ ယခင်ကထက် ပိုမိုဆိုးရွားလာကြောင်း သိရသည်။ အလားတူပင် မြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်ကြသည့် ကျေးရွာ အများအပြားမှာ စိုက်ပျိုးခင်းများပျက်စီးပြီး ကမ်းပါးပြိုကျမှုများကြောင့် မြေယာများ ဆုံးရှုံးရကာ ရွှေ့ပြောင်းရသော နေအိမ်များအနေဖြင့် မြေနေရာအခက်အခဲများစွာဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **(၅၇၈)**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

**၂၂-၃-၂၀၁၃ (သောကြာနေ့)**

- ၅း၄၀ "မမေ့ခြင်းရဲ့ အကျိုးတရား" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၁၁း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၂း၂၀ How To Create? (လက်သည်းအလှ ပုံဖော်ခြင်း)
- ၆း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၁၂)
- ၇း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign Of Love (Season-3) (အချစ်သင်္ကေတ) (အပိုင်း-၅)
- ၈း၁၅ For Tunes Lyrics Contest
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း - ၅၆)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း - ၈)
- ၁း၄၀ ယဉ်တဲ့သူတိုင်း ထိုက်ထိုက်တန်တန် လှစေဖို့

## နွားအလှပြိုင်ပွဲကျင်းပမည်

**မန္တလေး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်း၍ နို့စားနွား၊ မြန်မာခိုင်းနွားအလှနှင့် အသားတိုးနွားပြိုင်ပွဲကို မတ် ၂၃ ရက်နှင့် ၂၄ ရက်များတွင် မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ရုံးဝင်းအတွင်း (နတ်ရေကန်)၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စည်းကမ်းများကို အသေးစိတ် သိရှိလိုပါက ဖုန်း- ၀၂-၈၀၇၉၄ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(၃၈၇)**


လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ဧရာဝတီနာရှင် 392704, 09 50 66657

Asian Diary Travels & Tours Co.,Ltd.
Ph : 01-394711, 09-73069568, 09-5120546, 09-5404532, 09-2201196

တော်ဝင်နန်းထိပ်ထား 09-73131914, 09-450043394 VIP Seat & Exclusive Service

စိန်နဂါး ချောင်းသာ ငွေဆောင် 09-420082641, 09- 420756424

BLT Air-Con Express ကျိုက်ထီးရိုး 9000 ချောင်းသာ 9000 09-73163534, 09425033245

ASIA KING 01-387973, 09-43114301

GOLDEN STAR ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ (နေ့စဉ်) ငွေဆောင် (သောကြာ) Ph:209200,430480,544383

Ph: 09-73211079, 09-49250637, 09-420073607

တော်ဝင်နှင်းဆီ Minibus,Hiace,TX,Saloon - 0949294063, 380821

မျိုး 380164 09 5017088 09 8626524

ပြင်ဦးလွင်အိမ်နှင့်မြေရောင်းမည်

ပျောက်ဆုံးသွားပါကြောင်း

ရွှေနဂါး ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ (နေ့စဉ်) Ph. 209077,09-731 67000 209388,09-731 68000

မြင့်သူထက် English 4 Skills Photoshop

ဗိုလ်ချုပ် 01-293159 01-9000293 09-5160048

မီး သတိပြု

သင်အလုပ်ရှာနေပါသလား . . . ? The JOB opportunity Journal မှာ ရှာပါ
GSM Sim Card (2)ကတ် + Galaxy Mini Handset (2)လုံး ရယူနိုင်မည့် အထူးကံစမ်းမဲအစီအစဉ်များဖြင့်

## အထက်မြန်မာပြည်သတင်း

# ယဉ်ကျေးလိမ္မာ ကလေးအထူးတရားစခန်းဖွင့်

**မန္တလေး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူများအား ဘာသာတရားကိုင်းရှိုင်းပြီး အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယဉ်ကျေးလိမ္မာသော လူငယ်၊ လူရွှယ်ကလေးများဖြစ်စေရန် ရည်ရွယ်ကာ ကိုးဘွဲ့ရယဉ်ကျေးလိမ္မာကလေးအထူးတရားစခန်းပွဲကို မတ် ၁၇ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ(၁)၌ စတင်ဖွင့်လှစ်သည်။ အဆိုပါ ကိုးဘွဲ့ရယဉ်ကျေးလိမ္မာကလေးအထူးတရားစခန်းပွဲအား ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇသာသနာပြုနယ်လှည့် ဓမ္မကထိက နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဆရာတော် အရှင်အာစရာလင်္ကာရက ဦးဆောင်သင်ကြားခြင်းဖြစ်ကာ မန္တလေးတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာနနှင့် Uniter Pacific ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကိုးဘွဲ့ရယဉ်ကျေးလိမ္မာကလေးအထူးတရားစခန်းပွဲကို သုံးရက်တိုင်တိုင်ကျင်းပခဲ့ရာ ဘုရားရှိခိုးနည်း သင်ခန်းစာ၊ မင်္ဂလာသင်ခန်းစာ၊ ယဉ်ကျေးလိမ္မာတရားတော်များ၊ ဗုဒ္ဓဝင်သင်ခန်းစာ၊ တရားရှုမှတ်နည်းသင်ခန်းစာ၊ ဓမ္မဂီတသင်ခန်းစာများကို နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ သင်ကြားလေ့ကျင့်ပေးခဲ့သည်။**(အောက်ပုံ)** (ဝဝ၂)






# စဉ့်ကိုင်မြို့ မျိုးဆက်သစ် ယဉ်ကျေးလိမ္မာသင်တန်းဆင်း

**ကျောက်ဆည် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ မြို့မရပ် ပြည်လုံးချမ်းသာအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် မျိုးဆက်သစ်ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၁၀ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်လုံးချမ်းသာနာယက တိုက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တသာသနဝံသမှ ငါးပါးသီလချီးမြှင့်တော်မူပြီး တရားနည်းပြဆရာ ဦးကိုကိုမိုးက သင်တန်းပို့ချချက်နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီက သင်တန်းဆင်းကလေးငယ်များအား ဆုံးမစကားပြောကြား၍ ကျောက်ဆည်မြို့ ခရိုင်သာသနာရေးဦးစီးမှူး ဦးအောင်ခိုင်ဝင်းက ပထမဆုရရှိသော သင်တန်းသားအားလည်းကောင်း၊ စဉ့်ကိုင်မြို့ မြို့နယ်သာသနာရေးဦးစီးမှူး ကိုဖုန်းမြင့်ဝေက ဒုတိယဆုကိုလည်းကောင်း၊ ပြည်လုံးချမ်းသာအဖွဲ့ ဥက္ကဋ္ဌက တတိယဆုရရှိသူ သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ မျိုးဆက်သစ်ယဉ်ကျေးလိမ္မာသင်တန်းကို အသက် (၇) နှစ်မှ ၁၄ နှစ်အထိ သင်တန်းသူ၊ သင်တန်းသား ၃၉၀ အား အာနာပါနဘာသာရပ်၊ ဂုဏ်တော်ဘာသာရပ်၊ မေတ္တာဘာသာရပ်၊ မင်္ဂလသုတ်ဘာသာရပ်၊ ယဉ်ကျေးမှုဘာသာရပ်များကို ၁၀ ရက်ကြာ သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**(ကျော်မြ၊ ကျောက်ဆည်၊)**

# မီးဘေးကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်

**စစ်ကိုင်း မတ် ၂၁**

စစ်ကိုင်းမြို့ တကောင်းရပ်ကွက်၌ မတ် ၁၆ ရက် နံနက် ၁၀ နာရီက ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောလွင်မြင့်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ တကောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟန်ရှိန်၊ဆယ်အိမ်စုမှူးများ၊ ရပ်ကွက်ရေပေးဝေရေး ဥက္ကဋ္ဌ၊ ရေကော်မတီဝင်များနှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်၍ ရပ်ကွက်အတွင်းရှိ မီးသုံးစွဲသည့်ဆိုင်များကို စနစ်တကျမီးသုံးစွဲရန်နှင့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးများထားရှိရန်မှာကြားပြီး ဆိုင်ရှင်များကို ပညာပေး ဟောပြောခဲ့သည်။

ရပ်ကွက်အတွင်းရှိ အချက်အချာကျသည့်နေရာများတွင် တူးဖော်ထားသည့် မီးသတ်ရေကန် ၁၂ ကန်ကို ရေဖြည့်ထားမှု၊ မီးသတ်ရေငုတ် ရှစ်ငုတ်ဆောင်ရွက်ထားရှိမှုတို့ကို ခရိုင်ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များကစစ်ဆေးကြကြောင်း သိရသည်။ (၅၃၁)

# ရမည်းသင်းမြို့နယ်အတွင်းရှိ ကန်များ ရေခန်းခြောက်လျက်ရှိ

**ရမည်းသင်း မတ် ၂၁**

ယခုနှစ်တွင် မိုးရွာသွန်းမှုအကြိမ်ရေနည်းခြင်း၊ နောက်ပိုင်း မိုးမသိမ်း(မိုးမရွာ)ခြင်းတို့ကြောင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ အများသုံးရေကန်များ ရေခန်းခြောက်လျက်ရှိသည်ကို တွေ့ရသည်။

မြို့ပေါ်ရှိကန်များထဲမှ ကျီးနီကန်အတွင်းတွင် ရေခန်းခြောက်လျက်ရှိရာ ကန်အနောက်ထိပ်ရေလွှဲပြွန်အစမှ မကျီးတန်းအထိ ရေခန်းခြောက်လျက်ရှိသည်ကို တွေ့ရသည်။**(အောက်ပုံ)** အရှေ့အနောက်တောင်မြောက်တို့တွင် ရေခန်းခြောက်လျက်ရှိပြီး ကန်၏အလယ်တွင်သာ ရေရှိသည်။

ဒေသခံများမှာ ယင်းကျီးနီကန်မှ ရေကိုသုံးရေအဖြစ် အမှီသဟဲပြုနေကြရပြီး ကန်အောက်ရှိလယ်များလည်း ကျီးနီကန်မှ ရေကိုယူကာ နွေစပါးစိုက်ပျိုးကြရသည်။ ထိုနည်းတူစွာပင် မီးရထားကန်၊ ခံစပ်ကုန်းကန်တို့တွင်လည်း ရေခန်းခြောက်လျက်ရှိသည်။ အပေါ်ကျုံးအတွင်းတွင် ရေသင့်တင့်စွာရှိသော်လည်း အောက်ကျုံးအတွင်းတွင် ရေမရှိပေ။ မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း ကန်များအတွင်း ရေမရှိခြင်းကြောင့် သုံးရေ၊ ကျွဲနွားရေအတွက် အခက်အခဲရှိကြသည်ဟု သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**




## ဆိုင်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ၇၂×၇၃လမ်းကြား၊ အမှတ်(၂၂)နေ ဦးတင်ဝင်း[၉/မနမ(နိုင်)၀၅၉၆၁၆]နှင့် (သမီး)ဒေါ်တင်လင်းထက်[၉/ခအဇ(နိုင်)၀၁၄၆၃၀]တို့က **"စွမ်းအားအုပ်စုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်"**မှ Power Mobile Centre ဆိုင်အမှတ်တံဆိပ်ဖြင့် မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၅၅/၂၀၁၂အရ တရားဝင်မှတ်ပုံတင်သွင်းပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

Communicate With Power Mobile Centre

**မှတ်ပုံတင်စာချုပ်အမှတ်-(၀၅၅/၂၀၁၂)**

အထက်ပါ **"စွမ်းအားအုပ်စုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်"**မှ Power Mobile Centre ဆိုင်အမှတ်တံဆိပ်ဖြင့် ဖုန်းအမျိုးမျိုး၊ လိုင်းကတ်၊ ငွေဖြည့်ကတ်အမျိုးမျိုး၊ ဖုန်းအပိုပစ္စည်းများ၊ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ဖုန်းနှင့်သက်ဆိုင်သည့် အလှအပပစ္စည်းများ၊ ဖုန်းအိတ်အမျိုးမျိုးတို့ကို ထည့်သွင်းထားသော ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပလတ်စတစ်အိတ်၊ ဂျပ်ဘူးများပေါ်တွင် လည်းကောင်း၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြေညာတံဆိပ်တုံး၊ ငွေပြေစာ၊ ဖြတ်ပိုင်း၊ လက်ကမ်းစာစောင်စသည်တို့အပေါ်တွင် Power Mobile Centre ဆိုင်အမှတ်တံဆိပ်အမည် အမှတ်အသားကို တွယ်ကပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ ဖိနှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ **"စွမ်းအားအုပ်စုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်"**မှ Power Mobile Centre ဆိုင်အမှတ်တံဆိပ်ကို အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန်တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တုပကာ အသုံးပြု၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိရပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးငြိမ်းမောင်** **(တရားလွှတ်တော်ရှေ့နေ)**

**ဦးလှမော်တင့်** **(အထက်တန်းရှေ့နေ)**

**ဒေါ်စပယ်ဖြူ** **(အထက်တန်းရှေ့နေ)**

**ဥပဒေအကျိုးဆောင်ရှေ့နေများ**

**Ph:02-22309, 09-2025132, 09-40250298**

ပြင်ဦးလွင်မြို့-ရပ်ကွက်ကြီး (၁၂)မှ

**မြေကွက်ရောင်းမည်။**

မြေအကျယ် (70 x 70)ပေ - 350 သိန်း

Ph(ဖုန်းချိန်းတွင်း): 09 40 255 14 52 / 09 40 255 14 85

**နှင်းထိုက်တော်ဝင် တဲဆောက်ကုန် နည်းပညာ သင်တန်း**

**မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၈၄) ဦးပိုင်အမှတ်(၇)(ခဲစင်း) ၁၅လမ်း၊ ၈၈×၈၉ကြား၊ ဦးစံဖေ၊ ဒေါ်ခင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်သန်းရင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မနမ(နိုင်)၀၁၈၁၈၉]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံ/အရောင်းအဝယ်စာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၈၅၄၂၃၊ Anbo 125၊ MC၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ကျော် မှတ်ပုံတင်အမှတ်[၉/အမရ(နိုင်)၀၆၈၇၂၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၈၉၃၅၆၊ Luojia 110, M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ကြည်ကြည်တင့် မှတ်ပုံတင်အမှတ် [၉/ခအဇ(နိုင်)၀၂၄၇၂၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၃၁၀၀၉၊ Honda CG 125 ယာဉ်လက်ဝယ်ရှိသူအမည် ကျန်းမာရေးဦးစီးဌာန မှတ်ပုံတင်အမှတ်-မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁က/၃၂၃၅၊ အမျိုးအမည် Toyota Land cruiser FJ 28 အမျိုးအစား Jeep(4 x4)R ယာဉ်လက်ဝယ်ရှိသူအမည် ဦးညွန့်တင် မှတ်ပုံတင်အမှတ်[၉/အမရ(နိုင်)၀၇၂၄၁၃]မှ ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



**(ယမန်နေ့မှအဆက်)**

စာသင်ပေးတဲ့ ဆရာတစ်ယောက်ပဲထင်တာ၊ ဟိုတစ်နေ့က ဂေါက်ရိုက်အပြီး ဝိုင်းကောင်းတော့ စကားစပ်မိရင်း ဆရာ့မိတ်ဆွေ ဦးတုတ်ဝင်းနဲ့ ဦးညိုလှဲ့တို့ကပြောလို့၊ ဒီတော့မှ ဆရာက ဒါမျိုးလည်းကုနိုင်တယ်သိတာ၊ မွန်မွန် ဘာဖြစ်နေတယ်ဆိုတာတော့ ဘယ်သူမှ မသိကြပါဘူး၊ ကျွန်တော်ရယ်၊ ကျွန်တော့်ဇနီးရယ်၊ နော်မြသွေးရယ်၊ သုံးယောက်ပဲ သိကြတာပါ၊ ကျွန်တော်က ဆရာ့ကို အားကိုးတာက ဒီလိုပါ၊ မွန်မွန့်ကို ဆရာတော့ နိုင်မယ်ထင်လို့"

"ခင်ဗျာ . . . ဘာပြောလိုက်တယ်"

"စိတ်ရောဂါကုဆေးရုံ သွားပြကြည့်ဖို့ မွန်မွန့်ကို ကျွန်တော်တို့ ဆွယ်ကြည့်သေးတယ်၊ မွန်မွန်က ခါးခါးသီးသီးပဲ၊ ဒက်ဒီတို့က မွန်မွန့်ကို အရူးထောင်ထဲထည့်ထားချင်ကြပြီလားတဲ့"

"ဘယ်လို . . . ခင်ဗျာ မွန်မွန်ပြောတာ ပြန်ပြောပါဦး"

"ဒက်ဒီတို့က မွန်မွန့်ကို အရူးထောင်ထဲ ထည့်ထားချင်ကြပြီလားတဲ့"

"ဒီအတိုင်း အတိအကျ ပြောတယ်နော် "

"ဟုတ်တယ် သမီးလေးစကားက ကျွန်တော့်ရင်ကို နင့်စေတာမို့ ကျွန်တော် မမေ့မပျောက်တာ"

ဦးမြင့်နွယ်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး "အင်း . . . ကဲ . . . ဆက်ပါဦး"

"ကျွန်တော်လည်း ဒါနဲ့လက်လျှော့ထားလိုက်တယ်၊ အခုက ဆရာ့ကိုတော့ မွန်မွန်ဟာ အင်မတန်ခင်ပုံရတယ်၊ လေးလည်း လေးစားပုံရတယ်၊ ဒီတော့ ဆရာနဲ့ဆို ဖြစ်မှာပဲလို့ ကျွန်တော် တွက်မိတယ်"

" ဦးနေအောင် တွက်တာ မှန်ပါတယ်၊ မွန်မွန့်ကို ကျွန်တော် ဆွဲဆောင်နိုင်မယ် ထင်ပါတယ်၊ စိတ်ကုသရေးမှာ အရေးကြီးတဲ့ အခြေအနေတစ်ခုရှိပါတယ်၊ ရက်ပွားလို့ခေါ်တယ်၊ ပြင်သစ်စကားပါ၊ ကုသသူနဲ့ ကုသခံရသူရဲ့ ဆက်ဆံရေးပါ၊ ယုံကြည်ကိုးစားမှုလို့ အနီးစပ်ဆုံး ဘာသာပြန်ရမယ် ထင်တယ်၊ မွန်မွန်နဲ့ ကျွန်တော် ရက်ပွားကောင်းပါတယ်"

"ဒါဖြင့်ရင် ဆရာ လက်ခံပြီပေါ့"

"ဟုတ်ကဲ့၊ ဒါပေမယ့် ဖြစ်နိုင်ရင် ဆရာဝန်ကြီးတွေရဲ့ ဆေးစာ ကျွန်တော် ကြည့်ချင်တယ်"

"လိုလိုမည်မည် ကျွန်တော် တစ်ခါတည်း ယူခဲ့ပါတယ်"

ဦးနေအောင်သည် ဘေးတွင်ချထားသော လက်ဆွဲအိတ်တွင်းမှ စာနှစ်စောင် ထုတ်ပေး၏။

ခေါင်းလောင်းထိုးသံ ပေါ်လာသည်။ ညနေ လေးနာရီရှိပြီ။

ဦးနေအောင်က ဆို၏။

"လေးနာရီတောင်ထိုးပြီ၊ ဆရာလည်း ဂေါက်ကွင်းသွားဦးမယ် ထင်တယ်၊ ပြန်ဦးမယ် ဆရာ"

"ဟုတ်ကဲ့ လေ့လာပြီးရင် ကျွန်တော် စကားပြန်ပါ့မယ်"

ဦးနေအောင် ပြန်သွားသောအခါ ဦးမြင့်နွယ်သည် စာရွက်စာတမ်းများကို သိမ်းဆည်းသည်။ ဆေးစာများကို ညကျမှ အေးအေးဆေးဆေး ဖတ်တော့မည်။ ယခု မိမိလည်း ဂေါက်ကွင်းသို့ ပြေးချင်ပြီ။

ဦးမြင့်နွယ်သည် ရုံးတက်လက်ဆွဲအိတ်ကို ကိုင်ကာ ကားဆီထွက်လာ၏။

အိမ်ပြန်လာခဲ့၍ ကားကို ကားရုံမသွင်းတော့ဘဲ အိမ်ရှေ့၌သာရပ်၏။

တပည့်ကျော်သက်ဝေက အိမ်ပေါက်ဝ၌ ဆီးကြိုနေ၏။ ရိုးရိုးဆီးကြိုနေသည်မဟုတ်၊ ကြမ်းပေါ်တွင် ဂုန်နီအိတ်နှင့် သပ်သပ်ရပ်ရပ်ပတ်စည်းထားသော အိပ်ရာလိပ်ကလည်းရှိနေသည်။ သံသေတ္တာအစိမ်းရောင်အဟောင်းလေး တစ်လုံးကလည်း ရှိနေသေးသည်။ သူ့အသွင်အပြင်နှင့် ဟန်က ခရီးထွက်တော့မည့်ပုံ။

"အလို . . . သက်ဝေ မင်းက ဘယ်သွားမလို့လဲ"

"ရွာခဏပြန်မလို့ ဆရာ့ကို လိ(ဖ်)တိုင်ဖို့ ကျွန်တော် စောင့်နေတာ"

ဦးမြင့်နွယ်က သက်ဝေ၏မျက်နှာကို အကဲခတ်သည်။ ခါတိုင်းဆိုလျှင် သည်ကောင့်မျက်နှာက ကြည်သည်။ အရာရာကို စိတ်ဝင်စားမှုကိုလည်း ပြနေတတ်၏။ ယခုမူ မျက်နှာသည် သိသိသာသာ ညှိုးနေ၏။

"မင်း . . . ခဏ တကယ်ပြန်မှာလား၊ မပျော်တော့လို့ အပြီးပြန်မှာကို ကြည့်ကောင်းအောင် ပြောနေတာလား"

"ဆရာတို့နဲ့ အတူတူနေရတာ အပြီးပြန်တယ်ဆိုရင်

> "ဓာတ်ပုံတွင်းမှ စင်သီယာသည် ပြုံးနေသည်။ ပါးချိုင့်လေး နှစ်ဖက်ပေါ်အောင်ပင် ပြုံးနေသည်။
> ဩော် . . . သည်ပုံပေးစဉ် အခါတုန်းကတော့ ပြုံးနိုင်ရယ်နိုင်။ ပြုံး၍မဆုံး ရယ်၍မဆုံးသောကာလ။ ပျော်ကြရအောင်ဟု ချစ်စထုံးနှောင်ကြစဉ် သမယ။"

သက်ဝေထက် မိုက်တဲ့ကောင် ဒီလောကမှာ ဘယ်ရှိတော့မှာလဲ၊ ရွှေပင်နား ရွှေကျေးဆိုတဲ့ ပဒေသရာဇ်စော်နံတဲ့ စကားပုံလည်း မသုံးချင်ပါဘူး၊ တံငါနားနီးတံငါ၊ ပညာရှိနားနီး ပညာရှိတဲ့၊ ဆရာ့ကို လုပ်ကျွေးပြုစုနေရတာ ကျွန်တော် ပျော်ပါတယ် ဆရာ"

"ဒါဖြင့် မင်း တကယ် ခဏပြန်မလို့ပေါ့၊ စောစောက ဘာလို့ ကြိုပြောမထားလဲ"

"မက်ဆေ့ချ်က နေ့လယ်ကမှရတာ ဆရာ၊ ရွာမှာ ကျွန်တော့်မာသာ ခရစ်တစ်ကယ်လ် ဖြစ်နေလို့တဲ့၊ ဒီမှာ ဆရာစာ"

သက်ဝေက အိတ်တွင်းမှ စာရွက်လေးတစ်ခု ထုတ်ပြ၏။

"အကို ငလူလု အမ အသဲအသန် ဖျစ်နေဒယ်၊ အသက်မှီဂျင် ဒယ်ဆိုယင် အမျန်ပျံလာဘာ၊ နင့်မြက်နှာ မမြင်ယယင် အမ အသေဖျောင့်မှာ မဟုတ်ဖူးမျခင်"

ဦးမြင့်နွယ်က သက်ဝေကို ကြည့်ပြီးမေး၏။

"အမဆိုတာ မင်းအမေကို ပြောတာလား"

"ဟုတ်ကဲ့ ကျွန်တော့်မာသာ"

"မျခင် ဆိုတာကကော"

"ကျွန်တော့်ညီမပါ၊ သူက ဒွေးလေးတို့နဲ့ နေတာ"

"မင်းအမေနဲ့ အတူမနေဘူးလား"

"အမေက နောက်ယောကျ်ားနဲ့ ဆရာ၊ ကျွန်တော်က ဆယ်တန်းအောင်ရင် အစ်မကို လုပ်ကျွေးမယ် မှန်းထားတာ၊ ပထွေးက ကောင်းတဲ့လူ မဟုတ်ဘူး၊ အခုတော့"

သက်ဝေ၏အသံက တိမ်ဝင်သွားသည်။ မျက်လုံးတို့တွင်လည်း မျက်ရည်တို့ ဝဲနေ၏။

"မင်းရွာကို ဘာနဲ့ ပြန်မှာလဲ"

"မုံရွာကားတွေ မီပါသေးတယ် ဆရာ၊ ကျွန်တော့်ရွာက ချောင်းဦးကနေ ဆင်းသွားရတယ်"

"ကွာ . . . မင်းစောစောက ပြောရောပေါ့၊ မင်းအခု မြို့ထဲ မြင်းလှည်းနဲ့သွားလို့ ဘယ်အချိန်ရှိတော့မလဲ၊ ကဲ . . . မင်းပစ္စည်းတွေ ကားပေါ်တင်"

"ဆရာ ဂေါက်ရိုက်တာ မီပါ့ဦးမလား"

"ဂေါက်က နေ့တိုင်း ရိုက်နိုင်ပါတယ်ကွာ၊ ကဲ . . . တင်မှာတင်"

ဦးမြင့်နွယ်က သက်ဝေကို မြို့တွင်းမုံရွာကားဂိတ်သို့ လိုက်ပို့၏။ လိုလိုမည်မည်သုံးရန် ကားမထွက်မီ သက်ဝေကို ငွေအစိတ်လည်း ပေးလိုက်သည်။

အိမ်ပြန်အရောက်တွင် ဦးမြင့်နွယ်မှာ စိတ်မောလူမောဖြစ်နေ၏။

ဆရာတပည့်သာဆိုသည် သက်ဝေ၏ကျေးဇူးက မိမိအပေါ်ကြီးသည်။

သက်ဝေကို မိမိ တစ်လ ခြောက်ဆယ်သာ ပေးရသည်။ ဈေးသွား၊ ထမင်းချက်၊ အိမ်ရှင်း၊ သက်ဝေ အကုန်လုပ်သည်။ မိမိအနေနှင့် ဘာမျှမပူရ။

နေ့ခင်းနေ့လယ်တွင် သက်ဝေနားပြီး စာကျက်သည်။ ညပိုင်းတွင် ညကျောင်းတက်၏။

သက်ဝေဘက်မှ ကြည့်တော့လည်း ထမင်း အလကားစားရ၍ အိမ်နေရာပါရသောကြောင့် ရှစ်ဆယ့်နှစ်ကျပ်စားထက် ကိုက်နေသည်။ ကျောင်းလည်း တက်ခွင့်ရှိပြီး ဦးမြင့်နွယ်ထံ စာမေးနိုင်သေးသည်။

မန္တလေး တက္ကသိုလ်တွင်းမှ လူပျိုဆရာ အိမ်တွေတွင် သက်ဝေလို ကောင်လေးတွေ အများရှိကြ၏။ ပညာလေးတွေ တစ်ပိုင်းတစ်စနှင့် တောမှ မြို့တက်ကာ၊ ကိုယ့်ဒူးကိုယ်ချွန် နေကြသူကလေးများ ဖြစ်၏။

ယခင်ကတော့ သက်ဝေသည် ကိုယ့်အတွက်ကိုယ် ကိုယ့်ဒူးကိုယ်ချွန်နေသည် ထင်မိသည်။ ယနေ့ကျမှ အဖြစ်မှန် သိရသည်။

မိခင်ကို လုပ်ကျွေးရန် . . .

ဦးမြင့်နွယ် ရင်မှာ နင့်သွားသည်။ ဘုရား . . . ဘုရား . . . သက်ဝေ ရည်ရွယ်ချက်ပြည့်ပါစေ။ သက်ဝေ၏မိခင် ဘုရားမ၍ ချမ်းသာပါစေ။

ဩော် . . . အဖြစ်ကလည်း ကိုယ့်အဖြစ်အတိုင်း။ ကိုယ့်ကံကလည်း အင်း . . . ကိုယ့်တုန်းကလည်း . . .

ဦးမြင့်နွယ် ခုတင်ဆီသို့ လျှောက်သွားသည်။

ခုတင်ခေါင်းရင်း နံရံပေါ်တွင် ချိတ်ထားသော မိခင်၏ဓာတ်ပုံကို လက်အုပ်ချီရင်း မော့ကြည့်မိသည်။

ဓာတ်ပုံတွင်းက အမေ့ပုံက ကြုံလှီသည်။ အမေသည် ဘယ်တုန်းကမှ ကောင်းကောင်း မကျန်းမာခဲ့။ ပြီးတော့ ဘယ်တုန်းကမှလည်း စိတ်ချမ်းသာခဲ့ရဟန် မတူ။

မိမိ လုပ်ကျွေးခဲ့ရသော တိုတောင်းသော နှစ်လေးများအတွင်းတော့ အမေ အသင့်အတင့် စိတ်ချမ်းသာခဲ့ရဟန်တူသည်။

အမေ အသင့်အတင့် စိတ်ချမ်းသာမှု ရရှိသွားလျှင်တော်ပါပြီ။ အမေ အသင့်အတင့် စိတ်ချမ်းသာမှုရရှိဖို့ မိမိကတော့ ကြီးစွာသော စိတ်ဆင်းရဲမှုကို ခံလိုက်ရသည်။ ခံပျော်ပါသည်။ ခံပျော်၍ပဲ သည်နေ့အထိ နောင်တပူဝန်မရှိ၊ မိမိဘဝမှာ ရပ်တည်နေနိုင်သည်။ နို့မို့ဖြင့် ခက်လေသား။ ဦးမြင့်နွယ်သည် ခုတင်ဘေးရှိ စားပွဲအံဆွဲတွင်းမှ ဓာတ်ပုံလေးတစ်ခုကိုလည်း ထုတ်ကြည့်ပြန်သည်။ ဓာတ်ပုံတွင်းမှ စင်သီယာသည် ပြုံးနေသည်။ ပါးချိုင့်လေးနှစ်ဖက်ပေါ်အောင်ပင် ပြုံးနေသည်။

ဩော် . . . သည်ပုံပေးစဉ် အခါတုန်းကတော့ ပြုံးနိုင်ရယ်နိုင်။ ပြုံး၍မဆုံး ရယ်၍မဆုံးသောကာလ။ ပျော်ကြရအောင်ဟု ချစ်စထုံးနှောင်ကြစဉ် သမယ။

သည်ဘဝတွင်တော့ နှမလက်လျှော့နေလေတော့ဟု ပြောရစဉ် အခါတုန်းကမူ။

အသည်းနာနာနှင့် ပြောရစဉ် အခါတုန်းကမူ . . . တစ်ညလုံး ကိုအောင်ဘ အရက်မူးပြီး သောင်းကျန်းသည်။ အမေ့ကို ဆဲလိုက်ဆိုလိုက်။ မိမိကို စောင်းမြောင်းလိုက်နှင့်။

မိမိကို စောင်းမြောင်းသည်ကို ခံနိုင်ပါသည်။ ပထွေးဟူသည်လည်း အဖအရာမို့ မိမိသည်းခံနိုင်သည်။ တစ်လုတ်စားဖူး၊ သူ့ကျေးဇူးဟူသော စကားကရှိသည်။ ကိုအောင်ဘ ရှာကျွေးသောထမင်းကို မိမိ တစ်လုတ်မက စားဖူးသည်။

လူလားမမြောက်ခင် သူ့အရိပ်ကိုလည်း အကြာကြီး ခိုခဲ့ရသည်။ သည်တော့ မိမိကို စောင်းမြောင်းသည်ကို ခံနိုင်ပါ၏။

အမေ့ကို ရိုက်မည်သာ စိုးသည်။ အမေ့လို ရောဂါသည်ကို ကိုအောင်ဘထရိုက်လျှင် မိမိသည်းခံနိုင်မည် မဟုတ်။

**(ဆက်လက်ဖော်ပြပါမည်)**



## မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း (ယခင် အုန်းတောကျောင်း)၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ၁၉၈၄ခုနှစ်မှ ၁၉၉၈ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝတရားရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။ အကြောင်းကြောင်းကြောင့် ဖိတ်စာမရရှိသေးသော ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့်လည်း ကြွရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလည်း ပူးပေါင်းဆောင်ရွက်နိုင်ပါစေရန် တိုက်တွန်းအပ်ပါသည်။

**ကျင်းပမည့်အစီအစဉ်**

နေ့ရက် - ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ
နေရာ - အလက(၇) ကျောင်းခန်းမ

**ဆက်သွယ်ရန် ဖုန်းနံပါတ်များ**

မသီတာကျော်-၀၉ ၅၁၆၀၃၂၀
ကိုမျိုးမင်းသိန်း-၀၉ ၄၃၁၃၆၅၈၁
မစန်းယုဝေ-၀၉၈၆၂၁၃၇၁
မလင်းလင်းခိုင်-၀၉- ၇၃၂၁၇၅၁၁
ကိုကျော်ဝဏ္ဏ-၀၉-၇၃၀၂၄၆၈၉

## ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်ကျောင်းသား/သူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ (အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ)ကို ၃၁-၃-၂၀၁၃ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အလှူငွေများကို အောက်ပါလိပ်စာများအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးဝင်းဆွေ ၀၉- ၄၃၀၈၆၀၇၂၊ ကိုဇာနည်အောင် ၀၉-၆၈၀၆၄၇၀၊ ကိုအောင်ကိုမင်း ၀၉-၂၂၀၀၇၃၊ ကိုထွန်းထွန်းဝင်း ၀၉- ၄၂၀၉၉၀၀၇၊ ကိုအောင်ပြည့်ဖြိုး ၀၉- ၇၃၀၅၁၀၄၅၊ ကိုအောင်ရဲထွန်း ၀၉ -၅၁၈၅၇၄၇၊ ကိုဖြိုးထိုက်အောင်-၀၉ ၅၀၇၃၇၅၀၊ မဝင်းလဲ့အောင် ၀၉-၇၃၁၈၇၃၂၃၊ မယမင်းဦး ၀၉- ၇၃၀၃၆၉၀၅၊ ကိုသဲနိုင်စိုး ၀၉ -၄၂၁၀ ၁၅၈၈၅၊ ကိုလွင်နိုင်ထွန်း ၀၉- ၄၃၀၅၂၄၇၅၊ ကိုကျော်ကျော်မင်း ၀၉- ၄၂၀၂၅၀၈၄၄၊ ကိုပြည့်ဖြိုးအောင် ၀၉- ၇၃၀၂၉၈၆၄၊ ကိုကျော်ကျော်ဝင်း (အီးစီ) ၀၉- ၇၃၁၃၂၇၇၄၊ ကိုမျိုးကျော်ကျော် ၀၉-၄၂၁၀၉၂၅၆၁၊ နယ်မှဆက်သွယ်လှူဒါန်းလိုပါက CB Bank Account No. ၀၁၃၂၀၅၂၈၅၈။

## NELC *Don't Worry, Just Speak !*

***Nelson English Language Centre***

ပြည်တွင်း၌သာခန့်ထားရန်

| | |
|---|---|
| **1. Teacher (English) (Full /Part Time)** | **M/F ( 5 ) Posts** |
| **2. Assistant Teacher (English) (Full /Part Time)** | **M/F ( 5 ) Posts** |
| **3. Chinese Teacher** | **F ( 2 ) Posts** |
| **4. On Job Training** | **F (10) Posts** |

- B.A/M.A(English), Any graduate
- အင်္ဂလိပ်စာ 4 skills သင်ကြားပေးမည်။ **အလုပ်နှင့်သင်တန်း** ပူးတွဲလုပ်ကိုင် နိုင်ရမည်။
- သင်တန်းကာလ (၈)လ မှ (၁)နှစ်ခွဲ ရှိမည်။
- NELC ၏မည်သည့် ကျောင်းခွဲတွင်မဆို တာဝန်ထမ်းဆောင်နိုင်ရမည်။
- Contract (2) နှစ် ရှိမည်။ အသက်(18-30) နှစ် အတွင်းဖြစ်ရမည်။

| | |
|---|---|
| **5. Office Staff** | **M/F (5) Posts** |

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း မိတ္တူ၊ပတ်စပို့ ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊ ရပ်ကွက် ထောက်ခံစာမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ တို့နှင့်အတူ (၂၈-၃-၂၀၁၃) နေ့နောက်ဆုံးထား၍လာရောက် လျှောက်ထားနိုင်ပါသည်။

✦အမှတ်(၅၄)၊ပထမထပ်(B)၊ မွှာရုံလမ်း၊မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

nelchrdepartment@gmail.com

## VICTORIA UNIVERSITY COLLEGE

တက္ကသိုလ်အကြို ပြင်ဆင်မှု သင်တန်းနှင့် Sixth Form ကျောင်းသားသစ်များ လျှောက်လွှာခေါ်ယူခြင်း

၁။ ဘွဲ့ကြိုသိုလ်ဝင် **(Grade 11)** စာမေးပွဲဖြေဆိုပြီးသူများသည် နိုင်ငံတကာ တက္ကသိုလ်အကြို ပြင်ဆင်မှုသင်တန်း **University Preparation Programme UNIPREP** ၃လသင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

၂။ **English, Maths, Information and Communication Technology** သုံးဘာသာနှင့် မိမိရည်မှန်းထားသည့် တက္ကသိုလ်အဆင့် ပညာရပ်ဆိုင်ရာ နှစ်ဘာသာကို သင်ယူရမည်။

၃။ **Grade–9** (၈တန်း) သို့မဟုတ် **Secondary 2** ဖြေဆိုပြီး သူများသည် **Sixth Form** ၂နှစ်သင်တန်း သို့ လျှောက်ထားနိုင်သည်။

❖ သင်တန်းများကို ၂၀၁၃ ဧပြီ (၃ရက်)တွင် စတင်ဖွင့်လှစ် ပို့ချသွားမည်ဖြစ်သည်။ သင်တန်းဝင်ခွင့် လျှောက်လွှာများကို ယနေ့မှ စတင်လျှောက်ထားနိုင်သည်။

ကျောင်းသားရေးရာဌာန – VICTORIA UNIVERSITY COLLEGE
MMB Campus – အမှတ်(၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၀၉၅၁၀၄၇၄၈

### Taxi မောင်းလိုသူများ ဆက်သွယ်ပါ

Toyota Probox,1.3CC၊ ဓာတ်ဆီ 2007 Mdl မောင်းရန်၊ စပေါ် ၃သိန်းခွဲ၊ နံနက် ၆- ည ၈၊ ၁၁၀၀၀ကျပ်၊ **တောင်ဥက္ကလာပ ဖုန်း-၀၉-၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၅၃၉၈၊ အမျိုးအမည်Toyota Hilux Surf KZN 185၊ အမျိုးအစား S/w ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခင် မှတ်ပုံတင်အမှတ် [၁၂/ကတန(နိုင်)၀၁၄၇၀၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**










(၂၀၁၃) တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူ ကျောင်းသူ/ ကျောင်းသားအတွက် အနာဂတ် မျှော်မှန်းချက်

## MCC Trainging Institute ပညာရေးဆွေးနွေးပွဲ

နိုင်ငံတကာ အသိအမှတ်ပြု ဒီဂရီ၊ အင်ဂျင်နီယာ၊ စီးပွားရေးစီမံခန့်ခွဲမှု နှင့် ဂိမ်းကီထွင် ထုတ်လုပ်မှု စသည့် တွဲသင်တန်းများ အကြောင်းကို ဆွေးနွေးတင်ပြသွားပါမည်။
စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၂၃ ရက် မတ်လ ၂၀၁၃ အချိန်။ ။ ၁ နာရီ မှ ၃ နာရီအထိ နေရာ။ ။ ParkRoyal Hotel

***Contact us : Theingyi Zay Block (C), Ward(3 & 4), 3rd Floor, Tel: 01-245762, 249152, 246634, 395512.***



# ဒုတိယသမ္မတ ဦးညဏ်ထွန်း ဗီယက်နမ်နိုင်ငံသမ္မတအား တွေ့ဆုံ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန် အချိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမစ္စတာကျုံးသန်စန်းအား မတ် ၂၀ ရက် ညနေ ၄ နာရီခွဲတွင် ဟန္နိုင်းမြို့ရှိ သမ္မတအိမ်တော်၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးသန့်ကျော်၊ ဦးဆက်အောင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသက်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်သမ္မတနှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မဟာမဲခေါင်ဒေသခွဲအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ဦးစားပေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် ကဏ္ဍ (၁၂) ရပ်ကို အချိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးနည်းပညာကဏ္ဍတွင် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာထွက်ကုန်သားငါးနှင့် ရော်ဘာထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ဆောင်ရွက်သည့် အသေးစားနှင့် အလတ်စားစက်ရုံများ မြန်မာနိုင်ငံတွင် လာရောက်ထူထောင်ရေး၊ နှစ်ဦးနှစ်ဖက် ပိုမိုအကျိုးရှိစေမည့် ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများတွင် မျှတစွာ ရင်းနှီးမြှုပ်နှံနိုင်ရေး၊ ဟိုတယ်နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ (ယာပုံ) (သတင်းစဉ်)



**ယနေ့ မာတိကာ**

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများကို စာမျက်နှာ (၅) တွင် ဖော်ပြထားပါသည်။

စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် နှစ်နှစ်အတွင်း နေအိမ် ၂၈ လုံး ရွှေ့ပြောင်းရ

စာမျက်နှာ - ၁၁

စာချုပ်သစ်မချုပ်ဆိုပါက ယာယာတိုးရေး မန်စီးတီးကို စွန့်ခွာရန်ပြင်ဆင်

စာမျက်နှာ - ၁၃

## မြန်မာနိုင်ငံတော် ဗဟိုဘဏ်က နိုင်ငံခြားငွေလက်မှတ် (FEC) များကို ပြန်လည်ရွေးနုတ်ယူရာတွင် လက်ဝယ်ထားရှိသူနှင့် ပိုင်ဆိုင်သူများ ဆုံးရှုံးနစ်နာမှု မရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်

ဗဟိုဘဏ်ကြေညာချက် ➤ စာမျက်နှာ - ၃

**ကြော်ငြာအပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာအပိုလေးမျက်နှာ ပါရှိပါသည်။




ကမ္ဘောဇအသင်းနှင့် ရတနာပုံအသင်းတို့ ၂၀၁၂ ရာသီက တောင်ကြီးမြို့တွင် တွေ့ဆုံခဲ့စဉ်။

## ပွဲကောင်းများဖြင့်ပြန်လည်စတင်မည့် MNL အမှတ်ပေးပြိုင်ပွဲ

ရန်ကုန် မတ် ၂၁

မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပြိုင်ပွဲကြောင့် ခေတ္တရပ်နားထားသော MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲကို မတ် ၂၃၊ ၂၄ ရက်များတွင် ပြန်လည်စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပွဲကောင်းများဖြင့်စတင်မည်ဖြစ်သည်။

ယခုပြန်လည်ကျင်းပမည့်ပွဲစဉ်(၆)တွင် ပရိသတ်များ စိတ်ဝင်စားမည့် ပွဲကောင်းများ ပါဝင်လျက်ရှိသည်။ ကမ္ဘောဇအသင်းနှင့် ရတနာပုံအသင်း၊ ဧရာဝတီအသင်းနှင့် ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည့် ပွဲကောင်းများ ပါဝင်နေပြီး စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍

## မိတ္ထီလာမြို့၌ သာမန်ဈေးအရောင်းအဝယ် အချင်းများရာမှ လူအုပ်စုဖြင့် အဆောက်အအုံများ၊ ဈေးဆိုင်ခန်းများ ဖျက်ဆီးမှုများဖြစ်ပွားခဲ့၊ မတ် ၂၀ ရက် ည ၈ နာရီမှစ၍ ပုဒ်မ (၁၄၄)ထုတ်ပြန်တားဆီးထား မြို့နယ်ရပ်ကွက်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဖောက်ဖျက်ပြီး ဆူပူအကြမ်းဖက်ခြင်း၊ မီးရှို့ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများကို ဦးဆောင်ပြုလုပ်ခဲ့သူများအား တရားဥပဒေအရ ထိထိရောက်ရောက် အရေးယူဖော်ထုတ်သွားမည်

နေပြည်တော် မတ် ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက် နံနက်ပိုင်းတွင် သာမန်ဈေးအရောင်းအဝယ်အချင်းများရာမှ ရိုက်နှက်မှုဖြစ်ပွားခဲ့ပြီး မကျေနပ်သူများက လူအုပ်စုဖြင့် အဆောက်အအုံနှင့် ဈေးဆိုင်ခန်းအချို့ ဖျက်ဆီးမှုများဖြစ်ပွားခဲ့သဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းမှုမပျက်ပြားစေရေးအတွက် မိတ္ထီလာမြို့နယ် အုပ်ချုပ်ရေးမှူးက မတ် ၂၀ ရက် ည ၈ နာရီမှ စတင်၍ မိတ္ထီလာမြို့၌ ပုဒ်မ(၁၄၄) ထုတ်ပြန်တားဆီးထားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် နံနက် ၉ နာရီခွဲခန့်တွင် မိတ္ထီလာမြို့ မြို့မအရှေ့ပြင်ဈေးရှိ ရွှေဆိုင်တစ်ဆိုင်သို့ မိတ္ထီလာမြို့နယ် ပွွန်ကောက်ကျေးရွာနေ ဦးခင်မောင်ဝင်း၊ ဇနီး မအေးနိုင်နှင့် မညိုသန်းတို့သုံးဦးက ရွှေဆံကုတ်တစ်ခုအားရောင်းချရန် သွားရောက်ခဲ့ကြောင်း၊ ရွှေဆိုင်ပိုင်ရှင် ဦးထွန်းထွန်းဦး(ခ) အာရှစ်၊ ဇနီးမမြင့်မြင့်အေး၊ ဆိုင်လုပ်သား ညီညီ(ခ)မင်းအောင်တို့က ရွှေဆံကုတ်အား ငွေကျပ် ၁၀၅၀၀၀ ပေးမည်ဟု ဈေးညှိနှိုင်းသဘောတူပြီး မှတ်ကျောက်တင်ရန် ဈေးအတွင်းယူသွားခဲ့ကြောင်း၊ ဈေးအတွင်းမှ ပြန်ရောက်ချိန်တွင် ရွှေဆံကုတ်မှာပဲ့နေပြီး ဆိုင်ရှင်တို့က ငွေကျပ် ၅၀၀၀၀ သာပေးတော့မည်ဟု ပြောဆိုရာ ဆိုင်ရှင်မိသားစုနှင့် ရွှေဆံကုတ်ရောင်းချသူ မိသားစုတို့ အချင်းများပြီး ကိုယ်ထိလက်ရောက်ရိုက်နှက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ကိုခင်မောင်ဝင်းမှာ ပေါက်ပြဲ ဒဏ်ရာ(၁)ချက်၊ မျက်နှာဖူးရောင်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မိတ္ထီလာအမှတ်(၂) ရဲစခန်း၌ (ပ)၇၄/၂၀၁၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄/၃၂၅/၄၂၇/၁၁၄ ဖြင့် အမှုဖွင့်ပြီး ဆိုင်ရှင် ဦးထွန်းထွန်းဦး အပါအဝင် သုံးဦးအား ဖမ်းဆီးထိန်းသိမ်းထားရှိခဲ့ကြောင်း သိရသည်။

ထို့နောက် မွန်းလွဲ ၁ နာရီကျော်ခန့်တွင် အခင်းဖြစ်ရွှေဆိုင်အနီးသို့ အထက်ပါဖြစ်စဉ်အပေါ် မကျေနပ်သူ လူအုပ်စုများရောက်ရှိလာပြီး ယင်းအုပ်စုမှ လူအချို့က ဈေးဆိုင်ခြောက်ဆိုင်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထို့နောက် ဈေးအနောက်ဘက်ရှိ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ရွှေရန့်ဒဏ်ကြေလိမ်းဆေးကို လိမ်းပေးခြင်းဖြင့် ထုံကျဉ်ကိုက်ခဲ၊ ညောင်းညာခြင်းကို သက်သာပျောက်ကင်းစေပါသည်။

ရွှေရန့် အကြောပြေ ဒဏ်ကြေလိမ်းဆေး

ဒဏ်ကြေလိမ်းဆေး၏ ထူးခြားချက်

ရွှေရန့်လိမ်းဆေးသည် စိတ်ကို တက်ကြွလန်းဆန်းစေပြီး ပရုတ်ဆီရနံ့နှင့်စိတ်အာရုံကိုကြည်လင်စေမည့် သင်းပျံ့သော ရနံ့တို့ပါရှိသောကြောင့် ရနံ့နှစ်မျိုးကို ခံစားရမည့် လိမ်းဆေးဖြစ်ပါသည်။



# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ၇ မိုင်နေ
ဒေါက်တာဦးတင်ဆန်း(မီးရထားဆရာဝန်-ငြိမ်း)-ဒေါ်ညွန့်ရှင် (B.A.Ed) တို့၏သားထွေး

**မောင်အောင်မြတ်ဆန်း**

**A.G.T.I (Electrical Power)**
**Superintendent, Lizstar(Singapore) PTE LTD.**

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဗိုလ်မှူးတင်ဝင်း(ငြိမ်း)၊ (ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-
ဗိုလ်ကြီးဒေါ်သန်းသန်းနွဲ့ထယ်(ငြိမ်း-တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ)တို့၏သမီးငယ်

**ဒေါက်တာကေကေတင်ဝင်း**

**M.B.,B.S,M.Med.Sc(Otorhinolaryngology),MRCS(Edin)**
**လက်ထောက်ကထိက၊ နား၊ နှာခေါင်း၊ လည်ချောင်းပညာဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

တို့၏ ၁၆-၃-၂၀၁၃ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာနှင့်ဇနီး ဒေါက်တာဒေါ်မြင့်ဌေး( ဒုတိယဝန်ကြီး-ငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန)၊ ဗိုလ်မှူးကြီးသန်းဇင်(ငြိမ်း)တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဆက်သွယ်ရေးသတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့်ဇနီးဒေါ်တင်တင်အေး (President, KMD Computer Group)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးသိန်းထွန်းနှင့်ဇနီး ဒေါက်တာဒေါ်စီစီမာ၊ မင်္ဂလာပန်းကြဲပေးပါသော သီရိဖြိုးအောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဇင်ဇင်သူအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော ကေကေသွယ်ဆန်း၊ သတို့သားအရံ ဒေါက်တာသက်လင်းအောင်နှင့် ဗိုလ်ကြီးတေဇာလင်း၊ သတို့သမီးအရံ ဒေါက်တာမျိုးမျိုးထွန်းနှင့် ဒေါက်တာသက်စုဝင်း၊ မိတ်ကပ်ဝတ်စုံခင်စန်းဝင်း၊ ဓာတ်ပုံဗီဒီယိုမိုးကိုဦးနှင့်အဖွဲ့၊ ကြွရောက်ချီးမြှင့်ကြသော အထူးကုဆရာဝန်များ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်မြတ်ဆန်း-ဒေါက်တာကေကေတင်ဝင်း**

---

**More & More**
Gold & Jewellery

More & More Gold & Jewellery မှ

နေ့ရက် : ၂၃-၃-၂၀၁၃ (စနေနေ့)

More & More Gold & Jewellery မှ

No. (46), East Wing Bogyoke Aung San Market, Yangon, Myanmar.
Tel: +959 51 54877, 51 45833, 51 28246

Block B(01-04), G-Floor, Lanmadaw Plaza, Lanmadaw Street Lanmadaw Tsp, Yangon, Myanmar.
Tel: +951 241825

Email : hninwar.lin@gmail.com, www.mnmjewellery.com

---

**ဂန္ဓာ**

ရန်ကုန်မြို့။ ☎ ၃၇ ၅၅ ၅၅

---

**ပအိုဝ်းအမျိုးသားများ၏**

**ဒုတိယတော်လှန်ရေး မှတ်တမ်း**

မြဲရတနာစာပေ ဖုန်း-၃၇၉၇၇၃၊ ၅၇၈၆၇၀ ထွက်ပြီ

---

**E.F.R Seconda Casa Beach Resort & Restaurant**

ငွေဆောင်ကမ်းခြေ ရဲ့အလှအပကိုခံစားရင်း
ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ
သင့်အားစောင့်ကြိုနေမယ့် **E.F.R**

Hot Line: (Yangon) 01-381010, 381066, 09-425022936
(Ngwe Saung) 042-40282, 40398, 09-49322843

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ဘီ၊ မြေကွက်အမှတ်(၁၄၃)၊ မြေကွက်တည်နေရာအမှတ်(၂၅)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးမောင်ငွေ၊ ဦးဝင်းမြင့်၊ ဒေါ်မော်မော်ဦးအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမောင်ငွေနှင့် ၎င်း၏ဇနီးဒေါ်ကြည်ကွယ်လွန်သဖြင့် ၁။ ဦးမြင့်ဆွေ[၁၂/မဂတ(နိုင်)၀၀၄၅၃၂]၊ ၂။ဒေါ်အေးအေးဝင်း[၁၂/မဂတ(နိုင်)၀၀၅၅၂၈]၊ ၃။ဒေါ်လှလှဝင်း[၁၂/မဂတ(နိုင်)၀၃၈၉၆၁]၊ ၄။ဒေါ်တင်မျိုးသူ[၁၂/မဂတ(နိုင်)၀၀၀၀၉၀] တို့မှလည်းကောင်း၊ အမည်ပေါက်တစ်ဦးဒေါ်မော်မော်ဦးကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦး ဦးဝင်းမြင့်[၁၂/သခန(နိုင်)၀၄၅၈၅၄]မှလည်းကောင်း သားသမီးများနှင့် ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# ဘာပဲလိုလို

**Number One Directory in Myanmar**
YELLOW PAGES



## ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ကြော်ငြာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ၂၀၁၃ တွင် ကြော်ငြာထည့်သွင်းအားပေးခဲ့ကြသော လုပ်ငန်းရှင်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။ ဘာပဲလိုလို ? ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်ကို တည်ထောင်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ့်တစ်နှစ်အတွင်း ယုံကြည်စွာအားပေးခဲ့ကြသော လုပ်ငန်းရှင်များ၊ အားကိုး သုံးစွဲခဲ့ကြသော မိဘပြည်သူများအားလုံးအားလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ယခုအချိန်အထိ ခိုင်မာစွာရပ်တည်နေနိုင်ခြင်းမှာ ပြောသည့်ကတိအတိုင်း အုပ်ရေအတိအကျထုတ်ဝေနိုင်ခြင်း၊ အာမခံချက်ပေးနိုင်မှု အပြည့်အဝရှိခြင်း၊ နေရာအနှံ့သို့ ပျံ့နှံ့အောင် ဖြန့်ဝေပေးနိုင်မှုရှိခြင်းတို့နှင့် လုပ်ငန်းရှင်များကလည်း ယုံကြည်စွာ အားပေးခဲ့မှုများကြောင့်လည်းဖြစ်ပါသည်။

**အထက်ပါလုပ်ဆောင်ချက်များကို ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် တို့တွင်သာ တွေ့ရှိနိုင်ပါသည်။**

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ၂၀၁၄ အတွက်လည်း ကြော်ငြာများ စတင်လက်ခံနေပြီ ဖြစ်ပါသည်။ ယခုအခါ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်တို့အား ယုံကြည်စွာ အားပေးနေကြသော လုပ်ငန်းရှင်များအား ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်အယောင်ဆောင်၍ ကြော်ငြာများ ကောက်ခံနေသည်ကို တွေ့ရှိ၊ ကြားသိရပါသည်။ ထို့ကြောင့် ကြော်ငြာရှင်များအနေဖြင့် မှားယွင်းမှု၊ ဆုံးရှုံးမှုများ မဖြစ်စေရန်နှင့် ခွဲခြားသိရှိနိုင်စေရန်အတွက် ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် မှ ဝန်ထမ်းများ၏ ယူနီဖောင်းများတွင် ? အမှတ်တံဆိပ်များတပ်ဆင်ထားကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအားလုံး စီးပွားလာဘ်လာဘများ ဒီရေအလားတိုးတက်ပြီး အောင်မြင်မှုအပေါင်းသရဖူဆောင်းနိုင်ကြပါစေ။

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်စာအုပ်ထုတ်ဝေရေးအဖွဲ့

ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ကဲစမ်းမဲများကို ၂၀၁၃ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ လစဉ် ( ၁ ) ရက်နေ့နှင့် ( ၁၆ ) ရက်နေ့များတွင် တစ်လနှစ်ကြိမ် မဲဖောက်ပေးနေပြီဖြစ်ပါသဖြင့် မိမိတို့ရရှိထားသောစာအုပ်များမှ ID နံပါတ်များကို အမြန်ဆုံး Register လုပ်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

22-3(A).pmd 1 3/19/2013, 10:36 PM

